# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၆)ရက် ၊ အင်္ဂါနေ့ ၊ (15-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်




ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက **စာမျက်နှာ ၁၈ ကော်လံ ၁**

## (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်မှ မြန်မာနိုင်ငံသို့ ယူဆောင်လာမည့် စီးပွားရေးအကျိုးကျေးဇူးများ

ဆောင်းပါး စာမျက်နှာ- ၁၉




# အားကောင်းသော လေဖိအားနည်းရပ်ဝန်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)အဖြစ်သို့ ရောက်ရှိခဲ့ကာ နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

➤ ➤ ➤




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်

**အယ်ဒီတာ့အာဘော်**

# ငါးသယံဇာတတိုးပွားစေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်တစ်ခုဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုခေတ်မီနည်းစနစ်ဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသောအချက်ကိုချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံစားကုန်များတွင် ပါဝင်သည့် ငါးသယံဇာတများတိုးပွားစေရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

ငါးသယံဇာတတိုးပွားစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်က မိုးရာသီငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားတွင် နှစ်လက်မအရွယ်ရှေ့ဝါ ငါးကြင်း အကောင် ၅၀၀၀၊ ငါးမြစ်ချင်းအကောင် ၄၅၀၀၀၊ ငါးခုံးမကြီးအကောင် ၅၀၀၀၀ စုစုပေါင်း ငါးမျိုးအကောင် ၁၀၀၀၀၀ ကို စိုက်ထည့်ပေးနိုင်ခဲ့ပြီး ရေဆင်းဆည်အတွင်းသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လထိ ၁၀ ကြိမ်နှင့် ယခုအကြိမ်အပါအဝင် ၁၁ ကြိမ်တွင် စုစုပေါင်း ငါးမျိုးအကောင် ၈၈၅၇၀၀ ကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါး/ပုစွန် သယံဇာတထိန်းသိမ်းနိုင်ရေး၊ သားစဉ်မြေးဆက်နှစ်စဉ် ငါးသယံဇာတ မျိုးမသုဉ်းစေဘဲ ဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရ ဧရိယာသတ်မှတ်ခြင်းကို နှစ်စဉ်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ငါးဖမ်းရာသီတွင် ၂၀၂၅ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန် သုံးလအားတားမြစ်ပိတ်ပင်ခြင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ထားခဲ့သည်။

ငါးသားပေါက်လေ့ရှိသော မိုးရာသီတွင် ငါးများလွတ်လပ်စွာ ဥချသား ပေါက်နိုင်ရေးနှင့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးတို့အတွက် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့လွှတ်ပေးသင့်ပါသည်။ ဥပါသောငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတ ထုတ်လုပ်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာအာဟာရဖူလုံစွာ စားသုံးနိုင်ရေးတို့ကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးစေနိုင်သည်။

ငါးသည် မြန်မာလူမျိုးတို့၏ နေ့စဉ်စားသောက်မှုဟင်းလျာတွင် နေရာယူထားလျက်ရှိပြီး လူတန်းစားမရွေးစားသုံးနိုင်သည်။ ငါးစားခြင်းကြောင့် အာဟာရဓာတ်ကြွယ်ဝခြင်း၊ နှလုံးရောဂါဖြစ်နိုင်ခြေလျော့နည်းခြင်း၊ ကလေးများ ကိုယ်ခန္ဓာဖွံ့ဖြိုးစေရန် အထောက်အကူပြုခြင်း၊ ဦးနှောက်ကိုအကျိုးပြုခြင်း၊ စိတ်ဓာတ်ကျဆင်းမှုကိုကာကွယ်ခြင်း၊ ဗီတာမင်ဒီကြွယ်ဝခြင်း၊ အမြင်အာရုံအားနည်းခြင်းကို ကာကွယ်ပေးခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်စေခြင်း စသောအကျိုးကျေးဇူးများရရှိစေနိုင်သည်။

သို့ဖြစ်ရာ ငါးအာဟာရစားသုံးမှုကို ဖြည့်ဆည်းပေးရန်အတွက် တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် ငါးသားပေါက်များစတင်ထည့်သွင်းမွေးမြူခြင်းဆိုင်ရာ နည်းပညာကို သိရှိထားရန်လိုအပ်သည်။ ထို့ပြင် ငါးမျိုးမသုဉ်းသွားစေရန်၊ ငါးသယံဇာတများမရှားပါးစေရန်နှင့် ငါးသယံဇာတတိုးပွားစေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ချက်များကို ငါးလုပ်ငန်းလုပ်ကိုင်သူအားလုံး လိုက်နာကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၄၁၀ စိုက်ပျိုးပြီးစီး


ခရမ်းချဉ်သီးစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၄၁၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၄၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို အထွက်တိုးပြီး အရည်အသွေးကောင်းဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးခဲ့ပါတယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကောက်ရိုးမှိုများပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် မှိုနှင့်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက စိုက်ပျိုးရေးကောက်ရိုးမှိုများ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုများ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှို တွေထွက်ရှိနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့တာများပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ကောက်ရိုးမှို ပိဿာချိန် ၆၆၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကောက်ရိုးမှိုတွေကို ရန်ကုန်ဈေးကွက်က အမှာကုန်တွေ များနေပါတယ်။ ပြည်တွင်း စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်လိုအားလဲတက်လာဖြစ်ပါတယ်။ မှိုအဖူးက အရောင်းအဝယ်ပိုကောင်းပါတယ်။ ပြည်ပဈေးကွက်တင်ပို့နိုင်ရင် အခုထက် အရောင်းအဝယ် ကောင်းလာမှာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ် မှိုနှင့် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုး၍ ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မှိုများကို ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပုသိမ်ကြီးမြို့နယ် နန္ဒာခေတ်မီစံပြကျေးရွာ၌ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဆင်းပွဲ ကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာခေတ်မီစံပြကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းတွင် သရက်ယို၊ ဆီးယို၊ ရှောက်ယို စသည့် ယိုအမျိုးမျိုးနှင့် ဂျယ်လီပြုလုပ်နည်းများကိုလည်း စာတွေ့၊ လက်တွေ့ ငါးရက်ကြာသင်ကြား ပို့ချပေးခဲ့သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးသောကြောင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တရုတ်နိုင်ငံ ပေကျင်းမြို့ The Global Civilization Dialogue Ministerial Meeting နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်



**မန္တလေး ဇူလိုင် ၁၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)သည် တရုတ်နိုင်ငံလုံးဆိုင်ရာစာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ဦးမင်းမင်းထိုက် (စာရေးဆရာ မြတ် မင်း သန့်)နှင့်အတူ ရန်ကုန်မြို့မှ ဇူလိုင် ၅ ရက်တွင် ထွက်ခွာခဲ့ရာ ချွမ်ကျိုးမြို့ (Quanzhou) သို့ ရောက်ရှိခဲ့သည်။

ဇူလိုင် ၆ ရက်တွင် Quanzhou Museumသို့ သွားရောက်၍ ပိုးလမ်းမ ရေကြောင်းသမိုင်းမှတ်တမ်းများကိုလေ့လာပြီး နေ့လယ်ပိုင်းတွင် (Hilton Quanzhou Riverside Hotel) ၌ ကျင်းပသော (Huafu Connects the Would – Quanzhou Exchanges Event) အခမ်းအနားသို့ တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကင်ညာ၊ ဂမ်ဘီယာ၊ မွန်ဂိုလီးယား၊ နီပေါ၊ ဆွစ်ဇာလန်၊ ယူဂန်ဒါ၊ အာဂျင်တီးနား၊ ဘော့စနီးယား၊ ဘူလ်ဂေးရီးယား၊ဟန်ဂေရီ၊ အိုင်ယာလန်၊ မော်တာ၊ ပါကစ္စတန်၊ ထိုင်း၊ တူရကီ၊ မွန်တီနီဂရိုးနှင့် ဘယ်လ်ဂျီယံနိုင်ငံ စသည့် နိုင်ငံ ၂၂ နိုင်ငံ တက်ရောက်သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် Gulanyu ကျွန်းသို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇူလိုင် ၈ ရက် ညနေပိုင်းတွင် ဖူကျန်းပြည်နယ်အစိုးရအဖွဲ့မှ Mr. Zhang Yan (Member of the Standing Committee and Head of the Publicity Department of the CPC Fujian Provinvial Committee) နှင့် ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ Wanshou Hotel ၌ တရုတ်နိုင်ငံနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေသည့် NGO လုပ်ငန်းများ၊ Tanzania , Indonesia , Bangladesh, Cambodia , Thailand နိုင်ငံများတွင် Mobile Surgical Unit အဖြစ် ဆောင်ရွက်ပေးနေမှုများ၊ Sudan, Ethiopia, Nepalနှင့် Myanmar အပါအဝင် နိုင်ငံရှစ်နိုင်ငံတွင် ၂၀၁၅ ခုနှစ် မှစ၍ ဆောင်ရွက်ခဲ့သော Smiling Children Program ကဏ္ဍများသို့ Projector ဖြင့် ရှင်းလင်းဆွေးနွေးရာ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့သည်။

ထိုနေ့ညနေ ၃ နာရီတွင် ကိုယ်စားလှယ်အဖွဲ့သည် Global Civilization Dialogue Ministerial Meeting အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင်းဖျင်က ပေးပို့သော သဝဏ်လွှာနှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် Mr. Antonia Guteres မှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး Mr. Liu Jiancha (Minister of the International Department of the CPC Central Committee) Nangola Mbumba (Former President of Nambia), Yukio Hotoyama(Former Prime Minister of Japan), Yves Leterme (Former Prime Minister of Belgium) တို့က Safeguarding Diversity of the Human Civilization for World Peace ဆိုင်ရာများကို အသီးသီး ဆွေးနွေးပြောကြားခဲ့ကြသည်။ အခမ်းအနားသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ် ၁၀၀၀ ခန့် တက်ရောက်ကြသည်။ ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် National Theater Performing Arts ကို ကြည့်ရှုကြပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၁ ရက်နေ့တွင် IDCPC အစည်းအဝေးခန်းမ၌ Inter-civilization Exchanges and Mutual Learning: Uderstanding and Friendship among People ခေါင်းစဉ်ဖြင့်ပြုလုပ်သော Parallel Forum သို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တရုတ်ခေတ်ပေါ် သမိုင်းစာပေပြတိုက် အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ Mr. Zhang Hongsen, Hu Bangsheng (Secretariat Member of CWA), Liu Xiu Juang (Director General of the Office of CWA) , Zhang Hong Bin (Director General of the International Department of CWA) တို့က လက်ခံတွေ့ဆုံပြီး နိုင်ငံအချင်းချင်း စာပေရေးရာကိစ္စရပ်များ ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြပြီး ခေတ်ပေါ်သမိုင်း စာပေပြတိုက်တွင် ခင်းကျင်းပြသထားသော တရုတ် စာပေပညာရှင်များ၏ စာပေလက်ရာများ၊ သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းသည် အိမ်ရှင်တရုတ်နိုင်ငံနှင့်သာမက ဥရောပ၊ အာရှ၊ အာဖရိက၊ တောင်အမေရိကနိုင်ငံများမှ စာရေးဆရာများနှင့်ပါ ခင်မင်ရင်းနှီးမှု၊ စာပေဖလှယ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ယနေ့ကာလတွင် မိမိတို့နိုင်ငံအစိုးရနှင့် ပြည်သူများ ပူးပေါင်းကာ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နေမှု အခြေအနေများကိုပါ ရှင်းလင်းသတင်းဖြန့်ချိပေးနိုင်ခဲ့ကြောင်း သိရသည်။ (၁၅၂)

# ဝါးခယ်မမြို့နယ်တွင် မိုးစပါး ၄၅၁၉၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၅၁၉၉ ကေထိ စိုက်ပျိုးပြီးစီးဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧကကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၄၅၁၉၉ ကေထိ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးဧက ၂၁၃၀၀၀ ကျော်ထိ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧက ၄၅၀၀၀ ကျော်ထိစိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီဖို့အတွက်ကိုလဲ ဆောင်ရွက်ပေးထားပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးစပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-1၊ GW-11 စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ် မိုးကြိုကာလတွင် စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ မိုးကြိုပဲတီစိမ်း ၂၈၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၇၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

" ဒီနှစ် မြောင်မြို့နယ် မိုးကြိုကာလ မိုးကြိုပဲတီစိမ်း ၂၈၁၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)



# ရဝေရှင်ထွေးနှင့် အန်ချင်းကဗျာ

ပြေပြအေးသက်

အန်ချင်းကဗျာသည် ၇၀၀ ပြည့်နှစ်ကျော် ပထမအင်းဝခေတ်က စတင်ပေါ်ပေါက်ခဲ့သည့် ကဗျာတစ်မျိုးဖြစ်သည်။ မှန်နန်းရာဇဝင်အရ ၇၅၉ ခုနှစ်တွင် ဘုရင်မင်းကြီးစွာသည် အင်းဝမှ အထက်အညာ တကောင်းမြို့သို့ ဖောင်တော်ဖြင့် ဆန်တော်မူလေသည်။ ထိုအခါဖောင်တော်ကိုငင်သည့် လှေတော်သားတို့ သီဆိုစရာ ဖောင်ငင်ချင်း ခေါ် အန်ချင်းသည် စတင်ပေါက်ဖွားလာခဲ့သည်ဟု ဆိုလေသည်။ ဤသည်ကိုအခြေခံ၍ အန်ချင်းဟူသည် အဏ္ဏဝ ဟူသော ပါဠိစကားလုံးမှ ဆင်းသက်သည်ဟု ဆိုကြသည်။ အဏ္ဏဝသည် သမုဒ္ဒရာ၊ ပင်လယ်ဟုအဓိပ္ပာယ်ရကာ ၎င်းမှ ဏဝ ကျေပြီးလျှင် အဏ်သို့ပုံပြောင်း၍ ထိုမှ အန် ဟုဖြစ်လာသည်ဟုဆိုသည်။ အချို့ပညာရှင်များကလည်း ပါဠိဘာသာ ရေဆိုသည့် အဏ္ဏပုဒ်မှ ဏ ကျေပြီးလျှင် အဏ်မှ အန် ဖြစ်လာသည်ဟု ယူဆကြသည်။ ထို့ကြောင့် အန်ချင်းဟူသည် မူလ ဖောင်တော်ဖြင့် ရေနန်းသဘင်ထွက်စံတော်မူစဉ် သီဆိုသည့်ကဗျာမှသည် ကဗျာဖွဲ့ဆိုမှု ကျယ်ဝန်းလာကာ မင်းခမ်းသဘင်ပွဲများတွင်လည်း အန်ချင်းများကို ရေးဖွဲ့သီဆိုခဲ့ကြသည်။

**တောင်ငူခေတ် အန်ချင်း**

၉၀၀ ပြည့်နှစ်ကျော် တောင်ငူခေတ်သို့ရောက်လာသောအခါ အန်ချင်းသည် မင်းခမ်းသဘင်ဖွဲ့ ကဗျာသာမဟုတ်တော့ဘဲ အချစ်၊ အလွမ်းနှင့် ရာသီကိုပါဖွဲ့ဆိုသည့်ကဗျာအဖြစ်သို့ ရောက်ရှိလာသည်။ အစောဆုံးတွေ့ရသောအန်ချင်းများမှာ ၉၆၀ ပြည့်နှစ်ခန့် တောင်ငူခေတ်နောက်ပိုင်းတွင် စာဆိုတော် ရဝေရှင်ထွေး ဖွဲ့ဆိုခဲ့သည့် အန်ချင်းများဖြစ်သည်။ ထိုထက်စောသည့် အန်ချင်းစာကိုယ်များကိုကား ယခုတိုင်ရှာဖွေမတွေ့ရသေးပေဟုဆိုကြသည်။ ရှင်ထွေး၏ အန်ချင်းများသည် တွေ့ရသမျှတွင် အစောဆုံးဖြစ်သည်သာမက အရေအတွက်လည်း အများဆုံး၊ အကြောင်းအရာလည်း အစုံဆုံးဖြစ်သည်။ နောက်ခေတ်စာဆိုတို့၏ အန်ချင်းများကို နှစ်ပိုဒ်၊ သုံးပိုဒ်စသည်ဖြင့်သာတွေ့ရသည်။ ရှင်ထွေး၏ အန်ချင်းများကိုကား လန်ဒန်မြို့ပြတိုက်က ကူးယူထားသော အန်ချင်း ၈၄ ပိုဒ်သည် ဆံထုံးဖွဲ့၊ တံပက်ဖွဲ့၊ ဘုရားဖွဲ့၊ မောင်ဖွဲ့၊ မယ်ဖွဲ့ စသည်ဖြင့် အကြောင်းအရာလည်း စုံလင်လှပေသည်။ ရဝေရှင်ထွေး၏ခေတ်သည် အန်ချင်း၏အထွတ်အထိပ်ခေတ်ပင်ဖြစ်တော့သည်။

**ကုန်းဘောင်ခေတ်အန်ချင်း**

ဒုတိယအင်းဝခေတ် ၁၀၀၀ ပြည့်နှစ်ကျော်များတွင် အန်ချင်းများ ခေတ်မှိန်သွားသော်လည်း ၁၁၀၀ ပြည့်လွန်နှစ်ဖြစ်သော ကုန်းဘောင်ခေတ်တွင်မူ အန်ချင်းကို ပြန်လည်တွေ့ရပြန်သည်။ ထိုအချိန်တွင် ပြည်သူတို့ သီဆိုစရာ တျာချင်း၊ လွမ်းချင်း၊ ဗုံကြီးသံ၊ တေးထပ် စသည်တို့ရှိနေရကား အန်ချင်းသည် နန်းတွင်းကဗျာအဖြစ်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် အန်ချင်းဖွဲ့ဆိုသူများမှာ စာဆိုတော်ဦးယာနှင့် မြဝတီဝန်ကြီးဦးစ တို့ဖြစ်ကြသည်။ ဦးယာသည် "မင်းချင်းလေ၊ ကုသိန္နာရုံ" အစချီသည့် ပထမ၊ ဒုတိယနှင့် တတိယသင်္ဂါယနာတင် အန်ချင်းသုံးပိုဒ်ကို ရေးသားခဲ့သည်။ မြဝတီဝန်ကြီး ဦးစသည် "မယ်ယို့လေ၊ အောင်သပြေရုံ" အစချီသည့် သကျရုံသီဘုရားထီးတော်တင်ဖွဲ့ အန်ချင်းသုံးပိုဒ်ကို ဖွဲ့ဆိုခဲ့သည်။ ကုန်းဘောင်ခေတ်နောက်ပိုင်း၌ အန်ချင်းစတင်ရေးဖွဲ့ခဲ့သူမှာ ဆီးဘန်နီဆရာတော်ဖြစ်ပြီးဆရာတော်သည် ဦးယာ၏လက်ငုတ်ကို ဆက်ပေးသောအားဖြင့် စတုတ္ထနှင့်ပဉ္စမသင်္ဂါယနာတင် အန်ချင်းနှစ်ပိုဒ်ကို ဆက်လက်ရေးဖွဲ့ခဲ့ပေသည်။

**အန်ချင်းစပ်နည်း**

ရဝေရှင်ထွေး၏ အန်ချင်းများ အစတွင် ပါရှိသည့် "အစောလေ...အစောတို့လေ" နှင့် ဆက်စပ်၍ အမျိုးသမီးများ အန်ချင်းဖွဲ့လျှင် ထိုသို့အစချီကာ အဆုံးသတ်တွင် "သူငယ်ချင်းကောင်းယောက်မတို့လေး" ဟူ၍ချသလို၊ "ဘော်ချင်းတို့ရေ...ဘော်ချင်းတို့" ဖြင့်လည်း ချကြကြောင်း တွေ့ရသည်။ ယောကျ်ားသားများ စပ်ဆိုသည့်အခါ အစတွင် "မင်းချင်းလေ... မင်းချင်းတို့လေ" ဟူ၍ စပြီးလျှင် အဆုံးမှာ "သူကောင်းဖော်ရွှေမင်းချင်းတို့" ဟူ၍ချကြသည်။ ကျား၊ မ မဟုတ်ဘဲ ကြားအနေဖြင့် စပ်ဆိုလျှင် အစတွင် "ဖော်ချင်းလေ...ဖော်ချင်းတို့လေ" ဟူ၍ စပြီးလျှင် "ဖော်ချင်းတို့လေ.. ဖော်ချင်းတို့ "ဟူ၍ချကာ အဆုံးသတ်လေ့ရှိသည်။ ပုဂံဝန်ထောက် ဦးတင်၏ ကဗျာဗန္ဓသာရကျမ်းတွင် "အန်" မှာ လေးလုံးတစ်ပိုဒ်စပ်နည်း ခြောက်မျိုးအတိုင်း အတွင်းစာသားစကားကာရန်မှန်ကန်ညီညွတ်အောင် စပ်ဆိုသီကုံးရသည်ဟု ဖော်ပြထားပေသည်။ အန်ချင်းအစတွင် စာလုံး သုံးလုံးဖြင့် ဂရုအစချီရမည်။ အလယ်တွင် ရတုပျို့ကဗျာများကဲ့သို့ လင်္ကာသွားဖြင့် ရေးကာ အဆုံးသတ်တွင် ခုနစ်လုံး၊ ရှစ်လုံးဖြင့် နှစ်ခါဆင့်၍ ချရပေမည်။

> ❖ရဝေရှင်ထွေး၏ အန်ချင်းများအစတွင်ပါရှိသည့် "အစောလေ... အစောတို့လေ" နှင့် ဆက်စပ်၍ အမျိုးသမီးများ အန်ချင်းဖွဲ့လျှင် ထိုသို့အစချီကာ အဆုံးသတ်တွင် "သူငယ်ချင်းကောင်းယောက်မတို့လေး" ဟူ၍ချသလို၊ "ဘော်ချင်းတို့ရေ...ဘော်ချင်းတို့" ဖြင့်လည်း ချကြကြောင်းတွေ့ရသည်။ ယောကျ်ားသားများ စပ်ဆိုသည့်အခါ အစတွင် "မင်းချင်းလေ... မင်းချင်းတို့လေ" ဟူ၍ စပြီးလျှင် အဆုံးမှာ "သူကောင်းဖော်ရွှေမင်းချင်းတို့" ဟူ၍ချကြသည်။ ကျား၊ မ မဟုတ်ဘဲ ကြားအနေဖြင့် စပ်ဆိုလျှင် အစတွင် "ဖော်ချင်းလေ...ဖော်ချင်းတို့လေ"ဟူ၍ စပြီးလျှင် "ဖော်ချင်းတို့လေ.. ဖော်ချင်းတို့" ဟူ၍ချကာ အဆုံးသတ်လေ့ရှိသည်။❖

**စောလေ...အစောတို့လေ**

ရဝေရှင်ထွေး၏အန်ချင်း အစချီစကားစုဖြစ်သော "စောလေ...အစောတို့လေ"နှင့် ပတ်သက်၍ ဖွင့်ဆိုကြရာ ဦးတင့်ဆွေ ပြုစုသည့် ပေါရာဏကထာ အဘိဓာန်တွင် "စော"သည် ရှင်ဘုရင်၊ မွန်မြတ်သော၊ အစစ်တကယ်၊ စိတ်စော၊ အောက်မေ့သတိရသည်ဟူ၍လည်းကောင်း၊ စော၊ စောမီး၊ စောထီးသည် မြတ်သည်၊ မြတ်သောသူ၊ ဘုရားဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။ ဆုတောင်းခန်းတွင်" ရှင်စောနှင့် ငါ၊ ဤအခါကား၊ ပမာနိုင်းနှုန်း၊ စိုက်ခါတုန်းဝယ်၊ ရွှာဆုန်းတန်နီး၊ ပျိုးနှင့် မိုးသို့" ဟုစပ်ရာဝယ် "စော" သည် ချစ်ဖွယ်သောအရာကို ပြသည်။ တောင်ငူဆိုခါဝါသန် ချီရတုတွင် " တပေါင်းကုန်မြောက်၊ ကာလရောက်သော်၊ နတ်အောက် မနိမ့်၊ လှလေးငြိမ့်ကို၊ လွမ်းစိမ့်သောဟု၊ စောစောမြဲမြဲ၊ မိုးကညိုဝန်း၊ ပန်းလည်းသဘင်၊ ခါသင့်ယဉ်၍" ဟုစပ်ဆိုရာ စောသည် အချိန်မရောက်သေးသည့်အနက်ကိုပြသည်။ ပထမကျော်အောင်စံထားဆရာတော်နှင့် တောင်တွင်းဆရာတော် ခင်ကြီးဖျော်တို့၏ မြန်မာသဒ္ဒါနှစ်စောင်တွဲတွင် စောသည် ချစ်ဖွယ်ဆိုသည့်အနက်၊ အချိန်မရောက်သေးသည့်အနက်များဟုလည်းဆိုသည်။

**မပန်ရလည်း မပန်ချင်သည့် ရဝေရှင်ထွေး**

ရဝေရှင်ထွေးသည် ၎င်းရေးစပ်ခဲ့ပြီး လန်ဒန်မြို့ပြတိုက်က ပြန်လည်ကူးယူခဲ့သည့် အန်ချင်း ၈၄ ပိုဒ်အနက် ပိုဒ်ရေ ၁၃ တွင် " အမတ်ကြီး၏၊ သမီးနှောင်းမွေ၊ ငြိမ်ဆေးလေသား၊ ရှင်ထွေးအလှ၊ ချောမြမြလျှင်၊ နရသခင်၊ အိမ်ရှေ့ရှင်နှင့်၊ ရှိပြင်သက်ထား၊ ရစ်သောင်းဖျားဝယ်၊ ခစားမြဲစ "ဟူ၍လည်းကောင်း၊ ပိုဒ်ရေ ၃၁ တွင် "အမတ်ကြီး၏၊ သမီးနှောင်းမြော်၊ ကျင်ပျော်စလှ၊ ရှင်ထွေးမြကို "ဟူ၍လည်းကောင်းနှင့် ပိုဒ်ရေ ၄၀တွင် "တောင်ငူသခင်၊ နတ်ရှင်ရန်ကဲ၊ မင်းရဲလဲဟူ၊ သီဟသူဟု၊ ရိပ်ဖြူကာမိုး.....ကျွန်တော်ရင်း၏၊ ရင်တွင်းနှောင်းမွေး၊ သမီးထွေးက၊ တင်မေးချင်းရာ"ဟူ၍လည်းကောင်းရေးစပ်ထားရာ နတ်သျှင်နောင်၏ ဖခမည်းတော်ဖြစ်သူ တောင်ငူရွှေနန်းတည် မဟာဓမ္မရာဇာမင်း (၉၄၆-၉၇၁ ခုနှစ်)၏ နန်းတွင်း ကိုယ်လုပ်တော်ဖြစ်ပြီး သင်းပင်းမြို့စား အမတ်ကြီး၏ သမီးထွေးဖြစ်ကြောင်း သိရှိရသည်။ နတ်သျှင်နောင် ၉၄၁ခုနှစ်ဖွားနှင့် ရွယ်တူခန့်ဖြစ်ပြီး အခြေအနေမပေး၍ ဝေးခဲ့ကြသည်ကို ပိုဒ်ရေ ၁၈ မှ ၂၂ တွင် ဤသို့ ဖွဲ့ဆိုထားသည်။

"စောလေ၊ မပန်ရလဲမပန်ချင်၊ မဏိမလ္လာ၊ ဂန္ဓာနတ်ဖြစ်၊ ပွင့်ဝတ်သစ်ကို၊ မင်းစစ်သမီး၊ ဘုန်းကြီးနတ်ဖန်၊ ငါနှင်းရန်ဟု၊ ပန်ပေစလေ။ ဘော်ချင်းတို့လေ၊ ဘော်ချင်းတို့။

စောလေ၊ မကြင်ရလဲ၊ မကြင်ချင်၊ သမင်နှင့်ကျား၊ မြွေနှင့်ဘားသို့၊ ကျောက်သားကြက်ဥ၊ စံတုနိုင်းအင်၊ အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ မှန်ပေ၏လေ၊ ဘော်ချင်းတို့လေ၊ ဘော်ချင်းတို့။

စောလေ၊ မစားရလဲ၊ မစားချင်၊ ရွှေတင်စတော၊ သီးမှည့်ကျွေသည့်၊ သပြေသီးကို၊ ဘုန်းကြီးနတ်တူ၊ ငါ့ဘို့ဟူ၍၊ ယူလေ၏လေ၊ ဘော်ချင်းတို့လေ၊ ဘော်ချင်းတို့။

စောလေ၊ မချစ်ရလဲ၊ မချစ်ချင်၊ နတ်ရှင်မင်းဖြား၊ တရားကျော်စွာ၊ ဥပရာကို၊ ရှိကြာထိပ်စွန်၊ ပန်းနှယ်ပန်လျက်၊ ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊ ခဲအင်ထွေယူ၊ ဘုန်းမတူသည်၊ ယူလေ၏လေ၊ ဘော်ချင်းတို့လေ၊ ဘော်ချင်းတို့။

စောလေ၊ မလွမ်းရလဲ၊ မလွမ်းချင်၊ အသျှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ ပူဘန်သမ်မြန်း၊ ညိုးလှည့်ဆန်းလေ၊ ဘော်ချင်းတို့လေ၊ ဘော်ချင်းတို့။"

**ရဝေရှင်ထွေး၏ အမည်နာမနှင့် အင်းဝရောက်အန်ချင်းတစ်ပုဒ်**

ရဝေရှင်ထွေး မွေးရပ်မြေကိုလိုက်၍ ရေဝေရွာဇာတိဖြစ်သည်ကိုအစွဲပြုပြီး ရဝေရှင်ထွေးဖြစ်သည်ဟုဆိုသည်။ ဇာတိကိုလိုက်၍တွဲမှည့်ဆိုသောအမည်မျှဖြစ်သည်ဟုလည်းဆိုသည်။ တချို့ကလည်း တောင်ငူမြို့ကို အနောက်ဘက်လွန်မင်းတရားကြီး တိုက်ခိုက်သိမ်းပိုက်ပြီးနောက် စာပေပညာရှင်များ အင်းဝသို့ခေါ်ဆောင်ရာတွင် ရဝေရှင်ထွေးတို့လည်း ပါရှိကာ အင်းဝတွင် နန်းတွင်းစာဆိုအဖြစ် ခစားကြရသည်။ ရဝေရှင်ထွေးဟူသော အမည်သည် အင်းဝသို့ရောက်မှ ရသောအမည် ဖြစ်သည်ဟု ဆိုသည်။ ရဝေသည် "နန်း"၊ ရှင်ထွေးသည် "မထွေး"ဖြစ်သောကြောင့် နန်းတွင်းသူ မထွေးဟုဆိုသည်။ ရဝေရှင်ထွေးသည် အနောက်ဘက်လွန်မင်းတရားကြီး၏ လက်ထက်တွင် အန်ချင်း တစ်ပုဒ်ကိုစပ်ဆိုသည်။ ထိုအန်ချင်းသည် ရှေးပုဂံမင်းတို့လက်ထက်အသုံးပြုသော ဥဿျောင်ထုံးနည်း ၅၅ မျိုးကို ကဗျာလင်္ကာဖြင့် ဖွဲ့ဆိုခြင်းပင်ဖြစ်သည်။ စာဆို ရဝေရှင်ထွေးသည် ပုဂံခေတ်ဆံထုံးထုံးနည်းများ တိမ်ကောပပျောက်သွားမည်စိုး၍ ကဗျာဖြင့်ဖွဲ့နွဲ့ထားခဲ့ခြင်းဖြစ်သည်။ ဆံထုံးဖွဲ့နည်း ၅၅ မျိုးကို ပါဒအပို မပါရအောင် စေ့စပ်စွာချုံး၍ ဖွဲ့နွဲ့စပ်ဆိုခဲ့ပေသည်။

**ဆံထုံးဖွဲ့နည်း ၅၅ မျိုးအန်ချင်း**

အစောလေ၊ရတနာတွေ၊ ရွှေမိုးစွေ၍သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျယ်ပြေ၊ ဘေးလောင်းစောတို့၊ တစ်ကြောဇမ္ဗူ၊စံတော်မူက၊ (၁)မြိတ်ပြူ(ဖြူ)၊ (၂)မြိတ်စို့၊(၃)သွယ်ညို့မြိတ်လွတ်၊(၄)ရစ်ပတ်စုလည်း၊ (၅)ရော့ရည်းထုံးဖွဲ့၊(၆)တုမဲ့ရွှေရောင်၊ တိမ်တောင်တက်သက်၊(၇)လျှပ်စစ်တစ်ပြက်၊ (၈)ဘဝဂ်လျှံပြေး၊ (၉)နှင်းသေးမစို၊ (၁၀)ကြာညိုဝတ်ဆံ၊ (၁၁)ရူဝံနိုင်းရှည့်၊ ရှုကြည့်မငြီး၊ (၁၂)ဦးဖြည်းရွှင်ပျော်၊ (၁၃)စင်ရော်ဝမ်းဘဲ၊ (၁၄)ပုလဲကိုးလုံး၊ (၁၅)ဂမုန်းငုံအာ၊ (၁၆)လေသာဝေ့လည်၊(၁၇)မြူခြည်မထင်ယကင် ထုံးထုံး၊ (၁၈)လုံးတင်၊ (၁၉)ခရုချောင်၊ (၂၀)ထုံးကြောင်၊ (၂၁) ထုံးကြား၊ (၂၂) ငါးပါးမြတ်စို့၊ (၂၃)အောင်မျှို့နိမိတ်၊ မြိတ်ရစ်လုပ၊ (၂၄)ကရဝိတ်နှုတ်သီး၊ (၂၅)ဆိတ်သမီးနှင့်၊ (၂၆)ပြန်ပြီးဆယ်ထွေ၊ (၂၇)နေအရုဏ်ခံ၊ (၂၈)ညဥ့်ယံသောက်ရှူး၊ (၂၉)တိမ်ဦးနဂါး၊ (၃၀)လေးပါးရာသီ၊(၃၁)နှိုင်းပြီစံလွတ်၊(၃၂)နဂါးပတ်ကြော့ကွင်း၊ (၃၃)နန်းတွင်းမဉ္ဇူ၊ (၃၄)မပြုမုခ်ဝ၊ (၃၅)ပဒုမသိဒ္ဓိ၊ (၃၆)မဏိကိုးပါး၊ (၃၇)ချယားပွင့်သေး၊ (၃၈)ယုန်ရေးလလယ်၊ (၃၉)နေဝယ်ဥဒေါင်း၊ (၄၀)သုံးချောင်းခြူးယှက်၊ (၄၁)စဝ်ကြက်ရောင်ချော၊ (၄၂)သဘော်တံခွန်၊ (၄၃)နန္ဒလျှံမှ(မနန္ဒဖုဿျ)၊ မောရဂီဝါ၊ (၄၄)ဟင်္သာစာခွံ့၊ ထုံးအုံ့ခဲယဉ်း၊ (၄၅)ပုစဉ်းတောင်ဖြန့်၊(၄၆)သေးညွှန့်လက်သင်၊ (၄၇)ကွမ်းလင်၊ (၄၈)နောက်တွဲ၊ (၄၉)မုတ္တာရွဲနှင့်၊ (၅၀)ပုလဲကွန်ချာ၊(၅၁)ရတနာမဏ္ဍိုင်(၅၂)ပွင့်ခိုင်ပုဏ္ဍရိက်၊ (၅၃)နိဂ္ဂဟိတ်လေးထောင့်၊ (၅၄)ရစ်မြှောင့်၊ (၅၅)ပြန်ကဘက်ဝန်းယှက်ခေါင်ထွေ၊ နန်းလုံးဝေမျှ၊ မြူတေစံပျော်၊ နှိုင်းမမြော်သည်၊ လွမ်းတော်မမူ လှည့်လေလော။ ဖော်ချင်းတို့လေ ဖော်ချင်းတို့။"

**အန်ချင်းခြေရာခံ**

အန်ချင်းကဗျာသည် ခေတ်ကြီး လေးခေတ်ဖြစ်သော အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့ကို ဖြတ်သန်းလာပေသော်လည်း အဆိုပါကဗျာလမ်းကြောင်းကို ခြေရာခံကြည့်ရာတွင် အန်ချင်းစာဆိုအရေအတွက်ရော အန်ချင်းကဗျာပုဒ်ရေပါ မများလှသည်ကိုတွေ့ရှိရလေသည်။ တွေ့ရှိသမျှ အန်ချင်းတို့တွင် ရဝေရှင်ထွေး၏ အန်ချင်းကဗျာတို့သည် အထင်ရှားဆုံးဖြစ်ပြီး ဆံထုံးဖွဲ့ကဗျာသည် အကြောင်းအရာနှင့် မှတ်တမ်းကိုဦးစားပေး၍ တည်ခဲ့နေသော်လည်း ကျန်ကဗျာများသည် လူ၏သွင်ပြင်အမူအရာနှင့်စာဆို၏ စိတ်အခြေအနေကိုဖွဲ့သီထားသောကြောင့် ရသ သဘောကဲကာ သီဆိုရွတ်ဖတ်ရာတွင် ချောမွေ့ပြေပြစ်လှပေသည်။ မည်သို့ပင်ဆိုစေကာမူ ရှေးစာကဗျာတို့သည် ရှေးစာဆိုတို့၏ လုံ့လပြုအားထုတ်ကာ ပေထက်အက္ခရာတင်၍ ရေးဖွဲ့သီစပ်ခဲ့မှုများကြောင့် နှောင်းခေတ်လူတို့မှာ စံနမူနာယူစရာ၊ ဂုဏ်ယူဖွယ်ရာနှင့် မှတ်သားပြုစုနိုင်ဖွယ်ရာတို့ဖြင့် စာပေအသီးအပွင့်များ ဝေဆာလှပနေသည်ကတော့ အမှန်ပင်ဖြစ်ပေတော့သည်။

**ကိုးကား**

၁။ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း

၂။ ကိုရွှေသိမ်းမင်း၏ ပန်းရွှေပြည်ရှေးကဗျာစု-၁

၃။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၁)နှင့်(၁၅)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၃၂၃၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၃၂၃၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံ ဧက ၁၁၅၆၆၀ စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၃၂၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း ပဲစင်းငုံ ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံ သီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရွက်ဖျန်းမြေဩဇာဝယ်ယူမှု လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

## ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ် ခင်းခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၆၆၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန် ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

ဇင်မာ

## မမေ့သင့်သည် တို့ရဲ့အာဇာနည်

– နေ့ထူးအနက် ထိုတစ်ရက်က
အထက်ကောင်းကင် မှောင်ရိပ်ဆင်ခဲ့
ကြိုတင်နိမိတ် စိုးလန့်ထိတ်ကာ
အာဇာနည်များ ကြွေဆုံးပါးပြီ
ကြားတော့ထိမှန် မိုးခြိမ်းသံ။

– ဇူလိုင်ဆယ့်ကိုး ကြမ္မာဆိုးသည့်
နေ့မျိုးကျရောက် အသက်ပျောက်ခဲ့
ကိုးယောက်တူညီ အာဇာနည်ကို
ရွယ်ရည်မမေ့ (အ)လေးပြုဟော့လို့
ယနေ့တိုင်အော် တို့နှိုးဆော်။

– ကျွန်ဘဝမှ လွတ်မြောက်ရဖို့
သွေးကျသည့်တိုင် သက်ဆုံးနိုင်လည်း
ရင်ဆိုင်ကြိုးပမ်း တာဝန်ထမ်းသည်
လွတ်လမ်းကိုထွင်း အမှောင်ခွင်းတဲ့
ဘိုးဘင်းဘကို ဦးညွှတ်ကြို။

– လွမ်းသူ့ပန်းခွေ လှိုင်လှိုင်ဝေလည်း
သက်ကြွေတို့ဘိုး ဇာနည်ကိုး၏
အဆိုးနေ့တွင် ပုလဲသွင်နှယ်
ဘဝင်ညှိုးရ မျက်ရည်ခနှင့်
များလှပြည်သူ ရင်မှာပူ။

– ကြိုးစားတူညီ လွတ်လပ်ပြီလို့
ကိုယ်စီဟစ်ကြွေး သံပြိုင်ပေးချိန်
တို့ဘေးဘိုးဘ ဗိုလ်ချုပ်ဖနှင့်
များလှစစ်သည် အာဇာနည်တို့
တည်ရှိမနေ အသက်ကြွေပြီ
တို့တွေရည်မှန်း ကန်တော့ပန်း။
လွတ်လပ်ကျေးဇူး မမေ့တမ်း။ ။

**ဆောင်းနေရောင်(အဖျောက်)**

# နိုင်ငံတကာ သတင်းများ

## ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ် ဒွန်းနက်စ်ဒေသ ရှေ့တန်းစစ်မြေပြင်သို့သွားရောက်

**မော်စကို ဇူလိုင် ၁၄**

ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်သည် ယူကရိန်း စစ်မြေပြင်၌ တိုက်ပွဲဝင်နေသော ရုရှားတပ်များကို သွားရောက်စစ်ဆေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားစစ်ဦးစီးချုပ်ဂျီရာဆီမော့ဗ်သည် ယူကရိန်းအရှေ့ပိုင်းဒွန်းနက်စ်ဒေသ ပိုကရော့ခ်နယ်မြေ၌ တိုက်ပွဲဝင်နေသည့် ရုရှားတပ်များကို သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပိုကရော့ခ် နယ်မြေသည် ဒွန်းနက်စ်ဒေသ တစ်ခုလုံးကို ထိန်းချုပ်ရန် ကြိုးပမ်းနေသည့် ရုရှားတပ်များအတွက် အဓိက စစ်ရေးပစ်မှတ်တစ်ခုဖြစ်သည်။

ရှေ့တန်းနယ်မြေ ခရီးစဉ်အတွင်း ရုရှားတပ်မှူးများက စစ်မြေပြင် အခြေအနေများကို ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်ထံ တင်ပြခဲ့ကြကြောင်း သိရသည်။

ဒွန်းနက်စ် စစ်မြေပြင်သို့ ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ် သွားရောက်ခဲ့သည့်အချိန်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ရုရှားတပ်များသည် လက်ရှိအချိန်တွင် ယူကရိန်းတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၁၉ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဟန္ဓိုင်းမြို့လယ်၌ ရုပ်ကြွင်းလောင်စာသုံး ဆိုင်ကယ်များစီးနင်းမှု ဗီယက်နမ်ပိတ်ပင်မည်

**ဟန္ဓိုင်း ဇူလိုင် ၁၄**

ဗီယက်နမ်နိုင်ငံသည် ရုပ်ကြွင်းလောင်စာသုံးမော်တော်ဆိုင်ကယ်များ ဟန္ဓိုင်းမြို့လယ်၌ စီးနင်းခွင့်ကို ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် စတင်ပိတ်ပင်မည် ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လေထုညစ်ညမ်းမှုပြဿနာ လျှော့ချရေး ပြည်လုံးကျွတ်လှုပ်ရှားမှုအစီအစဉ်အရ ရုပ်ကြွင်းလောင်စာသုံးမော်တော်ဆိုင်ကယ်များ ဟန္ဓိုင်းမြို့လယ်၌ မောင်းနှင်ခွင့်ကိုပိတ်ပင်ရန် ဗီယက်နမ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ဟန္ဓိုင်းမြို့လယ်ပိုင်း၌ ရုပ်ကြွင်းလောင်စာသုံးမော်တော်ဆိုင်ကယ်များစီးနင်းမှုကို ပိတ်ပင်ရန် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းက ညွှန်ကြားထားခြင်းဖြစ်သည်။

ကျန်သည့်ဗီယက်နမ်မြို့များ ကဲ့သို့ပင် ဟန္ဓိုင်းမြို့သူ၊ မြို့သားရှစ်သန်းတို့အတွက် မော်တော်ဆိုင်ကယ်များသည် အဓိက သယ်ယူပို့ဆောင်ရေး ယာဉ်များဖြစ်ကြသည်။

ဟန္ဓိုင်းမြို့၌ မော်တော်ယာဉ်အစီးရေမှာ တစ်သန်းကျော်မျှသာရှိပြီး မော်တော်ဆိုင်ကယ်အစီးရေမှာ ခုနစ်သန်းနီးပါးရှိသည်။

ဗီယက်နမ်နိုင်ငံသည် လေထုညစ်ညမ်းမှုပြဿနာကို လျှော့ချရေးအတွက် ရုပ်ကြွင်းလောင်စာသုံးယာဉ်များကို လျှပ်စစ်စွမ်းအင်သုံးယာဉ်များဖြင့် အစားထိုးရန် ဆန္ဒရှိနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ပေကျင်းမြို့၌တွေ့ဆုံ



**မော်စကို ဇူလိုင် ၁၄**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့သည် အမေရိကန်နိုင်ငံနှင့် ဖြစ်ပွားနေသော ဆက်ဆံရေး ပြဿနာများနှင့် ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဇူလိုင် ၁၃ ရက် ပေကျင်း ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် နိုင်ငံတကာရေးရာများ၌ နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးကြောင်း လက်ခံသဘောတူခဲ့ကြသည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံအကန့်အသတ်မဲ့ဆက်ဆံရေး ကြေညာထားသောနိုင်ငံဖြစ်သည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံကို အကြီးဆုံးပြိုင်ဘက်အဖြစ်၊ ရုရှားနိုင်ငံကို အကြီးဆုံးခြိမ်းခြောက်မှုအဖြစ် မှတ်ယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## လာမည့်နှစ်တွင် စစ်မှုမထမ်းမနေရဥပဒေကို ကမ္ဘောဒီးယားနိုင်ငံ စတင်ကျင့်သုံးမည်

**ဖနွမ်းပင် ဇူလိုင် ၁၄**

ပြည်သူများစစ်မှုမထမ်းမနေရဥပဒေကို လာမည့်နှစ်တွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံနှင့် နယ်စပ်တင်းမာမှုများမြင့်တက်နေချိန်တွင် ပြည်သူများ စစ်မှုမထမ်းမနေရဥပဒေကို ၂၀၂၆ ခုနှစ်တွင် စတင်ကျင့်သုံးရန် ကမ္ဘောဒီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ပြည်သူများ စစ်မှုမထမ်းမနေရဥပဒေကို ကမ္ဘောဒီးယားလွှတ်တော်က ၂၀၀၆ ခုနှစ်ကပင် အတည်ပြုပေးထားပြီးဖြစ်သည်။

ယင်းဥပဒေအရ အသက် ၁၈ နှစ်နှင့် ၃၀ ကြား ကျန်းမာသန်စွမ်းသော ကမ္ဘောဒီးယားနိုင်ငံသားတိုင်း စစ်မှုထမ်းအဖြစ် ၁၈လကြာ ထမ်းဆောင်ရမည်ဖြစ်သည်။

လက်ရှိအခြေအနေအရ ၂၀၀၆ ခုနှစ် ပြည်သူများစစ်မှုမထမ်းမနေရဥပဒေကိုကမ္ဘောဒီးယားတပ်မတော်အနေဖြင့် ၂၀၂၆ ခုနှစ်တွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကမ်ပေါင်ချနန်ပြည်နယ်၌ ကျင်းပသည့် စစ်သင်တန်း ဆင်းပွဲတစ်ပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်တစ်နေရာ၌ ယခုနှစ် မေ ၂၈ ရက်က နှစ်နိုင်ငံတပ်ဖွဲ့ဝင်များကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ငံတကာပညာရေးဈေးကွက်တန်ဖိုးကို ၂၀၃၄ ခုနှစ်တွင် နှစ်ဆမြှင့်တင်ရန် နယူးဇီလန်စီစဉ်

**ဝယ်လင်တန် ဇူလိုင် ၁၄**

နယူးဇီလန်နိုင်ငံသည် ၎င်း၏ နိုင်ငံတကာပညာရေးဈေးကွက်ကို ၂၀၃၄ ခုနှစ်အရောက်တွင် နှစ်ဆမြှင့်တင်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ အနေဖြင့် အချိန်ပိုင်းအလုပ်လုပ်၍ ပညာသင်ကြားနေကြသော ပြည်ပကျောင်းသားများအတွက် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်း အပါအဝင် လုပ်ငန်းအစီအမံများ ချမှတ်၍ နိုင်ငံတကာပညာရေးဈေးကွက်ကို ချဲ့ထွင်ရန်စီစဉ်ထားကြောင်း နယူးဇီလန်ပညာရေးဝန်ကြီး အာရီကာစတန်းဖို့ဒ်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။



ယင်းအပြင် နယူးဇီလန်နိုင်ငံတကာပညာရေးဈေးကွက်၏ တန်ဖိုးကို ၂၀၃၄ ခုနှစ်တွင် နယူးဇီလန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၂ဘီလီယံ)ထိ နှစ်ဆမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း အာရီကာစတန်းဖို့ဒ်က ပြောကြားထားသည်။

နယူးဇီလန်နိုင်ငံ၌ နိုင်ငံတကာကျောင်းသား၊ကျောင်းသူများ လာရောက်ပညာသင်ကြားမှုနှုန်းသည် ၂၀၂၃ ခုနှစ်မှစ၍ ဖြည်းဖြည်းမှန်မှန် မြင့်တက်လာခဲ့သည်။

နယူးဇီလန်နိုင်ငံ၏ လက်ရှိ နိုင်ငံတကာ ပညာရေးဈေးကွက် တန်ဖိုးမှာ နယူးဇီလန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံထိရှိသည်။

၂၀၂၄ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ၌လာရောက်ပညာသင်ကြားသူ နိုင်ငံတကာ ကျောင်းသားအရေအတွက်မှာ ၈၃၇၀၀ထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်(တိုင်ပေ)အခြေစိုက် TiSpace ကုမ္ပဏီက ဗွီပီ-၀၁ ဒုံးပျံတစ်စင်းကို ဂျပန်နိုင်ငံမြောက်ပိုင်းမှတစ်ဆင့်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့



**ပေကျင်း ဇူလိုင် ၁၄**

တရုတ်(တိုင်ပေ)အခြေစိုက် TiSpaceကုမ္ပဏီသည် ဗွီပီ-၀၁ အမည်ရှိ ဒုံးပျံတစ်စင်းကို ဂျပန်နိုင်ငံမြောက်ပိုင်းမှတစ်ဆင့် ဇူလိုင် ၁၂ ရက်တွင် လွှတ်တင်ခဲ့ရာ အောင်မြင်မှု မရှိခဲ့ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

TiSpace ကုမ္ပဏီသည် မူလက ဗွီပီ-၀၁ ဒုံးပျံကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်အကွာထိ စမ်းသပ်လွှတ်တင်ရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် လွှတ်တင်ပြီး တစ်မိနစ်အတွင်းမှာပင် ဗွီပီ-၀၁ ဒုံးပျံ၏ လမ်းကြောင်းမှာ ယိမ်းခါလာခဲ့ပြီး ဒုံးပျံသည်လည်း မြေပြင်ပေါ် ပြန်လည်ကျရောက်ခဲ့ရကြောင်း သိရသည်။

ကိုယ်ထည်အလျား ပေ ၄၀ ရှိသော နှစ်မျိုးစပ် လောင်စာရည်သုံး ဗွီပီ-၀၁ ဒုံးပျံသည် မည်သည့် ဂြိုဟ်တုကိုမျှ သယ်ယူသွားခြင်းမရှိကြောင်း TiSpace ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

TiSpace ကုမ္ပဏီသည် ဗွီပီ-၀၁ ဒုံးပျံကို ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

TiSpace ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်ကလည်း ဩစတြေးလျနိုင်ငံမှတစ်ဆင့် ဒုံးပျံတစ်စင်း စမ်းသပ်လွှတ်တင်ခဲ့ရာ ထိုစဉ်ကလည်း အောင်မြင်မှု မရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီက အမျိုးအမည်မသိ ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် အမျိုးအမည်မသိ ဂြိုဟ်တုတစ်စင်းကို ဇူလိုင် ၁၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အမျိုးအမည်မသိ ဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တု၏ အမျိုးအမည်ကို Space-X ကုမ္ပဏီက ကြေညာခြင်းမရှိသော်လည်း အစ္စရေးနိုင်ငံ၏ Dror-1 ဆက်သယ်ယူရေးဂြိုဟ်တုဖြစ်ကြောင်း အာကာသနည်းပညာ သတင်းဝက်ဘ်ဆိုက်များက ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်တုသည် အစ္စရေးလေကြောင်း စက်မှုလုပ်ငန်း(IAI)က တည်ဆောက်ထားပြီး ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်၌ နေရာယူမည့် ဂြိုဟ်တုအမျိုးအစားဖြစ်ကြောင်း၊ ၎င်းဂြိုဟ်တုသည် အစ္စရေးနိုင်ငံ၏ ဆက်သွယ်ရေးလိုအပ်ချက်များကို ၁၅ နှစ်ကြာဖြည့်ဆည်းပေးနိုင်ကြောင်း IAI ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။




ဇူလိုင် ၁၃ ရက် မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၈၅ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လူ့ ဉာဏ်ရည်တုနည်းပညာ(AI)သုံး စက်ရုပ်များက လာမည့် ၁၀ နှစ်အတွင်း လူသားလူနာများကို ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးလာနိုင်ဖွယ်ရှိ

**ဝါရှင်တန် ဇူလိုင် ၁၄**

လာမည့် ၁၀ နှစ်အတွင်း လူ့ဉာဏ်ရည်တုနည်းပညာ (AI) သုံး စက်ရုပ်များက လူသားလူနာများကို ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးလာနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။



အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ AI နည်းပညာသုံး စက်ရုပ်လက်တံသည် ဝက်တစ်ကောင်၏ သရက်ရွက်ကို အောင်မြင်စွာ ခွဲထုတ်ဖယ်ရှားပေးနိုင်ခဲ့ကြောင်း သိရသည်။

AI နည်းပညာသုံး စက်ရုပ်လက်တံ၏ ဝက်သရက်ရွက် ခွဲစိတ်ဖယ်ရှားမှုသည် ရာနှုန်းပြည့်အောင်မြင်ခဲ့ပြီး အချိန်ကာလအားဖြင့် ငါးမိနစ်မျှသာ ကြာမြင့်ခဲ့ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါအောင်မြင်မှုအရ AI စက်ရုပ်များသည် မကြာမီကာလအတွင်း အကောင်းဆုံးလူသားခွဲစိတ်ဆရာဝန်များ၏ ကျွမ်းကျင်မှုများကို ပုံတူကူးနိုင်မည့် သဘောတွင်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ထိုနည်းတူ လာမည့် ၁၀ နှစ်အတွင်း AI နည်းပညာသုံး စက်ရုပ်များဖြင့် လူသားလူနာများကို ခွဲစိတ်ကုသနိုင်မည်ဖြစ်ကြောင်းလည်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

အမေရိကန် သုတေသနပညာရှင်များ စက်ရုပ်လက်တံဖြစ်သည့် ဝက်သရက်ရွက်ကို အဆင့် ၁၇ ဆင့်ပါဝင်သည့် ခွဲစိတ်မှုဖြင့် ဖယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အထီးကျန်မှုပြဿနာ ခံစားနေရသူများ၌ စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဇူလိုင် ၁၄**

အထီးကျန်မှု ပြဿနာခံစားနေရသူများ၌ စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထီးကျန်မှုခံစားနေရသူ သက်ကြီးပိုင်းများအနက် ၅၀ ရာခိုင်နှုန်းမှာ စိတ်ကျဝေဒနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက အထီးကျန်မှုပြဿနာမရှိသူ သက်ကြီးပိုင်းများကြား၌ ၁၀ ရာခိုင်နှုန်းသည်သာ စိတ်ကျဝေဒနာခံစားရတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံ ဟိုးတပ်တက္ကသိုလ် ဆေးကောလိပ်မှ သုတေသန ပညာရှင်များသည် သက်ကြီးပိုင်း ၄၇၀၀၀ ကျော်တို့၏ ကျန်းမာရေးနှင့် လူမှုရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အထီးကျန်မှုပြဿနာခံစားရမှုအဆင့် မြင့်မားသူများ၌ စိတ်ကျန်းမာရေးနှင့်ရုပ်ကျန်းမာရေးပြဿနာများဝင်လာနိုင်ခြေ သိသိသာသာ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထီးကျန်မှု ပြဿနာရှိသူများအနေဖြင့် ၎င်းပြဿနာမရှိသူများနှင့်နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေ ပုံမှန်ထက်ငါးဆ မြင့်တက်လာတတ်ပြီး ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး အခြေအနေလည်း ယိုယွင်းလာတတ်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## PMS လက္ခဏာပြင်းထန်သူ အမျိုးသမီးများ၌ လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေမြင့်မားနိုင်

**စတော့ဟုမ်း ဇူလိုင် ၁၄**


အမျိုးသမီးများ ရာသီသွေးမပေါ်မီခံစားရသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြဿနာများ (PMS) မှာ ပြင်းထန်ခဲ့ပါက လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေတို့ မြင့်မားလာနိုင်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

အမျိုးသမီးအများစုအနေဖြင့် PMS ပြဿနာကို ခံစားကြရသော်လည်း အမျိုးသမီး သုံးပုံတစ်ပုံခန့်၌ ပေါ်ထွက်လာသော PMS လက္ခဏာများမှာ ဆေးဝါးကုသမှု ခံယူရန် လိုအပ်လောက်အောင် ပြင်းထန်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ အဆိုအရ PMS လက္ခဏာများပြင်းထန်သည့် အမျိုးသမီးများတွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၂၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး နှလုံးခုန်နှုန်း မူမမှန်မှု ပြဿနာ ပေါ်လာနိုင်ခြေလည်း ပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း၊ နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် PMS လက္ခဏာများ ပြင်းထန်မှုနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများပေါ်လာနိုင်ခြေ မြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို မသိရသေးကြောင်း ဆွီဒင် သုတေသနပညာရှင်များက ဝန်ခံထားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဝီလီယံမောဆွတ်ခူး

**ကန်တပ်ကီ ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ကျင်းပခဲ့သည့် ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဝီလီယံမောက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပီတာဆင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမား အယ်ဗီရာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အသက် ၂၄ နှစ်အရွယ် ဝီလီယံမောသည် ကစားသမားဘဝအတွက် ပထမဆုံးသောPGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် အတွက်ကြောင့်လည်း ဝီလီယံမောသည် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ခွင့် ရသွားပြီလည်း ဖြစ်သည်။

ဝီလီယံမောက "ဒီပြိုင်ပွဲအတွက် ကျွန်တော့်အနေနဲ့ စိတ်ခံစားပိုင်းဆိုင်ရာမှာ တော်တော်လေးကို အဆင်သင့်ဖြစ်နေခဲ့ပါတယ်။ ပြိုင်ပွဲဝင်တော့မယ်ဆိုရင် အရေးကြီးဆုံးက စိတ်ခံစားပိုင်းဆိုင်ရာက အကောင်းဆုံးဖြစ်နေဖို့ လိုအပ်ပါတယ်။ အခက်အခဲတွေကြားထဲကနေ အောင်မြင်မှုရခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုဆိုရင် ကျွန်တော့်အတွက် မျှော်လင့်ချက်တစ်ခုလဲရလာပြီ။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့တဲ့အတွက်ကြောင့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရတော့မယ်။ ကျွန်တော့်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ကောင်းမွန်တဲ့ရိုက်ချက်တွေရိုက်ထားနိုင်ပါတယ်။ ပုံစံကောင်းတွေ ကစားထားနိုင်တယ်ဆိုပေမဲ့လဲ အောင်မြင်မှုတွေမရခဲ့လို့ အပြောင်းအလဲမရှိခဲ့ပါဘူး။ အခုတော့ အပြောင်းအလဲဖြစ်စေနိုင်တဲ့ ပထမဆုံးအောင်မြင်မှုကို ရယူနိုင်ခဲ့ပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**




### အားကစားသတင်းအတိုအထွာများ

- ❑ အမျိုးသမီး ယူရို ၂၀၂၅ အုပ်စုနောက်ဆုံးပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်းက ဝေးလ်အမျိုးသမီးအသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် အုပ်စုဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ဆွီဒင်အမျိုးသမီးအသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။
- ❑ အာဆင်နယ်အသင်းက ဗလင်စီယာအသင်းမှ အသက် ၂၁ နှစ်ရှိ ခံစစ်ကစားသမား မို့ကွီရာကို အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# ဖီဖာကလပ် ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီကိုအနိုင်ယူ၍ ချဲလ်ဆီးအသင်း ဆုဖလားရရှိ



**ဝါရှင်တန် ဇူလိုင် ၁၄**

ဖီဖာကလပ် ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်တွင် ဥရောပချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ချဲလ်ဆီးအသင်းတို့တွေ့ဆုံခဲ့ရာ ချဲလ်ဆီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုး ဂိုးမရှိတို့ဖြင့် နိုင်ပွဲရယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ချဲလ်ဆီးအသင်းက ၎င်းထက် စုဖွဲ့မှုအားနည်းသည့် အသင်းများနှင့်သာ ကစားခဲ့ရကာ ဗိုလ်လုပွဲ တက်ရောက်ခဲ့သောကြောင့် ပီအက်စ်ဂျီအသင်းက ဆုဖလားရယူနိုင်ရန် ရေပန်းစားခဲ့သည်။

သို့သော် ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ပွဲအစပိုင်းတွင်သာ ချဲလ်ဆီးအသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ချဲလ်ဆီးအသင်းက တန်ပြန်တိုက်စစ်မှ ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ်နိုင်ခဲ့ရာ ပွဲကစားချိန် ၂၂ မိနစ်နှင့် ၃၀ မိနစ်တွင် ပယ်မာ၊ ၄၃ မိနစ်တွင် ဂျာအိုပက်ထရိုတို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းတွင် သုံးဂိုးပြတ်နိုင်ပွဲရခဲ့ပြီး ဒုတိယပိုင်းတွင် ပီအက်စ်ဂျီအသင်း တိုက်စစ်မြှင့်ခဲ့သော်လည်း ချဲလ်ဆီးအသင်း ခံစစ်ကစားပုံ ကျစ်လစ်မှုကြောင့် ဧရိယာပြင်ပမှသာ အဝေးကန်ချက်များဖြင့် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ချေပဂိုးမရခဲ့သောကြောင့် ချဲလ်ဆီးအသင်းက သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့ကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် ပုံစံနှစ်မျိုးဖြင့်ကျင်းပခဲ့သည့် ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုဖလား ကို ပထမဆုံးရယူနိုင်ခဲ့သည့်အသင်း ဖြစ်လာခဲ့သည့်အပြင် ဥရောပအဆင့်တွင်လည်း ချန်ပီယံလိဂ်ဖလား၊ ယူရိုပါလိဂ်ဖလား၊ ယူရိုပါကွန်ဖရင့်လိဂ်ဆုဖလားတို့ ရရှိခဲ့သောကြောင့် ဆုဖလားအားလုံးရရှိခဲ့သည့် ပထမဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**

# ဘာလင်ဂါအားအနိုင်ရခဲ့ပြီးနောက် ကာနယ်လိုနှင့်ထိုးသတ်သွားရန် စီစဉ်သွားမည်ဟု ဗြိတိန်လက်ဝှေ့သမား ဟမ်ဇက်ဟ်ပြောကြား

**နယူးယောက် ဇူလိုင် ၁၄**

WBC Silver နှင့် Common-wealth မစ်ဒယ်ဝိတ်တန်းချန်ပီယံ ဗြိတိန်လက်ဝှေ့သမား ဟမ်ဇက်ဟ်သည် အမေရိကန်လက်ဝှေ့သမား ဘာလင်ဂါနှင့် ဇူလိုင် ၁၃ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ထိုးသတ်ခဲ့ရာ အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟမ်ဇက်ဟ်သည် စူပါမစ်ဒယ်ဝိတ်တန်းတွင် ဘာလင်ဂါနှင့် ထိုးသတ်သွားခဲ့ခြင်းဖြစ်ပြီး ဝိတ်တန်းရွှေ့ပြောင်းခဲ့သည့် ပွဲဦးထွက်၌ပင် အနိုင်ရခဲ့ခြင်းဖြစ်ကာ ငါးချီမြောက်၌ အလဲထိုးရလဒ်ဖြင့် အနိုင်ထိုးသတ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ဟမ်ဇက်ဟ်နှင့် ဘာလင်ဂါတို့ပွဲစဉ်သည် လက်ရှိစူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမားကာနယ်လိုအား စိန်ခေါ်ထိုးသတ်ခွင့်ရမည့် အခွင့်အရေးအတွက် ထိုးသတ်ခဲ့ခြင်းလည်း ဖြစ်သည်။

ဘာလင်ဂါသည် ၂၀၂၄ ခုနှစ်က ကာနယ်လိုနှင့် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ထိုးသတ်ခဲ့ဖူးပြီး ယင်းပွဲစဉ်တွင် ဘာလင်ဂါက ရှုံးနိမ့်ခဲ့ရသည်။

ဘာလင်ဂါသည် ကာနယ်လိုနှင့် ထိုးသတ်ခဲ့စဉ်က ဒိုင်အမှတ်ဖြင့်သာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ဟမ်ဇက်ဟ်အား ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဟမ်ဇက်ဟ်က "ဒီပွဲစဉ်မှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းက အားရကျေနပ်စရာကောင်းခဲ့သလို အရမ်းကောင်းတဲ့စွမ်းဆောင်ရည်ဖြစ်တယ်လို့လဲ ယုံကြည်တယ်။ ဝိတ်တန်းပြောင်းလဲတဲ့ ပထမဆုံးပွဲစဉ်မှာ အခုလိုရလဒ်နဲ့ အနိုင်ရခဲ့တာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်။ အခုချိန်မှာတော့ ကျွန်တော့်ကိုရပ်တန့်နိုင်မဲ့ပြိုင်ဘက် မရှိတော့ဘူးလို့ထင်တယ်။ အခုဆိုရင်တော့ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ဖို့အတွက် အချိန်ရောက်လာပါပြီ။ ကာနယ်လိုကို စိန်ခေါ်ထိုးသတ်သွားဖို့လဲ စီစဉ်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**
**Trs : AZL**

# မာဆေးအသင်းက အူဘာမီယန်းကို ပြန်လည်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**ပဲရစ် ဇူလိုင် ၁၄**

တိုက်စစ်မှူး အူဘာမီယန်းသည် ဆော်ဒီပရီလိဂ်ကလပ် အယ်ကွာစီယာ့အသင်းနှင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းခဲ့သောကြောင့် အသင်းဟောင်း မာဆေးအသင်းက ၎င်းကိုပြန်လည်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။



အူဘာမီယန်းသည် မာဆေးအသင်းမှ ထွက်ခွာပြီးနောက် အယ်ကွာစီယာ့အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ဘောလုံးရာသီတစ်ရာသီသာကစားရသော်လည်း ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အယ်ကွာစီယာ့အသင်းက တိုက်စစ်ပိုင်းတွင် သက်ငယ်ကစားသမားများနှင့်သာ အစားထိုးရန် ဆုံးဖြတ်ခဲ့ပြီးနောက် ၎င်းနှင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မာဆေးအသင်း နည်းပြဒီဇာဘီက တိုက်စစ်ပိုင်းတွင် အထောက်အကူပြုပေးနိုင်သည့် အူဘာမီယန်းကိုခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး ကစားသမား ကိုယ်တိုင်ကလည်း ပြောင်းရွှေ့မည် ဖြစ်သောကြောင့် နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည့် သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အသက် ၃၆ နှစ်ရှိ တိုက်စစ်မှူး အူဘာမီယန်းသည် ကစားသမားဘဝကို ပြင်သစ်ဒုတိယတန်းကလပ် ရီအန်အသင်းနှင့် စတင်ခဲ့ပြီးနောက် ဘက်စတီးယား၊ အေစီမီလန်၊ ဒီဂျွန်၊ လိုင်လီ၊ မိုနာကို၊ စိန့်အီတီန်း၊ ဒေါ့မွန်၊ အာဆင်နယ်၊ ဘာစီလိုနာ၊ ချဲလ်ဆီး၊ မာဆေး၊ အယ်ကွာစီယာ့ အသင်းတို့ကို ပြောင်းရွှေ့ကစားခဲ့ရာ ဒေါ့မွန်အသင်းတွင်သာ ကစားသမားဘဝ အောင်မြင်မှုများ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရောက်ရန် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ



ရန်ကုန် ဇူလိုင် ၁၄

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ရန်ကုန်-ဗန်ကောက်-အင်ဒိုနီးရှားနိုင်ငံခရီးစဉ်အဖြစ် ထွက်ခွာခဲ့ကြောင်း သိရသည်။

အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းတွင် ဂိုးသမားများအဖြစ် ဟိန်းထက်စိုး၊ နိုင်လင်းအောင်၊ အောင်ပြည့်ဖြိုး၊ ခံစစ်ကစားသမားများအဖြစ် မာတီးနို၊ ဝေယံလင်းအောင်၊ မြတ်ဖုန်းခန့်၊ ထူးဝေယံ၊ ဆင်မြူရယ်နာဂီကီး၊ ဆခန့်ချောနှင့် ခွန်ချိုထူးတို့ ပါဝင်ခဲ့ကြသည်။

အလားတူ ကွင်းလယ်ကစားသမားများနေရာတွင် ရဲရင့်ဖြိုး၊ အာကာကျော်၊ မိုးဆွေ၊ သာယာဝင်းထက်၊ ဇော်ဝင်းသိန်း၊ စွမ်းထက်၊ မင်းမော်ဦး၊ ရှိုင်းဝဏ္ဏအောင်နှင့် သန်းတိုးအောင်၊ တိုက်စစ်ကစားသမားများနေရာတွင် ဝင်းပြည့်မောင်၊ စောမိုးဇော်နှင့် ဖွဲ့မာန်သာတို့ပါဝင်ခဲ့ကြပြီး နည်းပြအဖြစ် ဂျပန်လူမျိုး နည်းပြ Mr. Hisashi Kurosaki က တာဝန်ယူသွားမည်ဖြစ်သည်။

အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည် ထိုင်းအသင်း၊ တီမောလက်စ်တေ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက်တွင် တီမောလက်စ်တေအသင်း၊ ဇူလိုင် ၂၂ ရက်တွင် ထိုင်းအသင်းတို့နှင့် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီကစားသမား ဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

လန်ဒန် ဇူလိုင် ၁၄

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၄-၆၊ ၆-၄၊ ၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အကောင်းဆုံး တင်းနစ်ကစားသမား နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှု ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် ဗိုလ်လုပွဲစဉ် ဖြစ်လာနိုင်ကြောင်း ကြိုတင်ခန့်မှန်းချက် ထွက်ပေါ်ခဲ့ပြီး ကြိုတင်ခန့်မှန်းချက်အတိုင်း အကြိတ်အနယ်ရှိခဲ့သည်။

ပထမပွဲငယ်တွင် အယ်ကာရက်ဇ်က အနိုင်ရရှိခဲ့ပြီး ဂျန်နစ်ခ်ဆင်နာက ဒုတိယပွဲငယ်မှစတင်၍ အယ်ကာရက်ဇ်အား တောက်လျှောက် ဖိအားပေးနိုင်ခဲ့ကာ တင်းနစ်ကျွမ်းကျင်မှုများကို အများဆုံးမြင်တွေ့ခဲ့ရသည့် ဗိုလ်လုပွဲစဉ်လည်းဖြစ်သည်။

ယခုပွဲစဉ်တွင် တစ်ဦး၏အားနည်းချက်ကို တစ်ဦးက အကောင်းဆုံး အသုံးချခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ပရိသတ်များ အနှစ်သက်ဆုံးသော ဗိုလ်လုပွဲစဉ် တစ်ပွဲလည်းဖြစ်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် အယ်ကာရက်ဇ်နှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းခဲ့သည့် အခြေအနေကို ကျော်ဖြတ်နိုင်ခဲ့ပြီး ကစားသမားဘဝ၏ ပထမဆုံးသောဝင်ဘယ်ဒန်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ရာသီကြိုခြေစမ်းပွဲမတိုင်မီ အမ်ဘူမိုကို ခေါ်ယူသွားမည်ဟု နည်းပြအာမိုရင်ပြောကြား



မန်ချက်စတာ ဇူလိုင် ၁၄

မန်ယူအသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဘရန့်ဖို့ဒ်အသင်းမှ တိုက်စစ်မှူး အမ်ဘူမိုကို ခေါ်ယူရန် နှစ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ရသဖြင့် ဇူလိုင် ၂၂ ရက် ရာသီကြိုခြေစမ်းပွဲစဉ်များမတိုင်မီ အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းသွားမည်ဟု နည်းပြအာမိုရင်က ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြ အာမိုရင်သည် တိုက်စစ်မှူးအမ်ဘူမိုကို ခေါ်ယူရန် နောက်ဆုံးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ဘရန့်ဖို့ဒ်အသင်းက မန်ယူအသင်းကမ်းလှမ်းသည့် ပြောင်းရွှေ့ကြေးထက် ထပ်မံလိုချင်နေသည့်အတွက် အပြီးသတ်ခေါ်ယူနိုင်ခြင်းမရှိကြောင်း သိရသည်။

နည်းပြအာမိုရင်သည် ကနဦးက တိုက်စစ်ပိုင်းအတွက် နယူးကာဆယ်တိုက်စစ်မှူး အစ်ဆက်ခ်ကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ကစားသမား၏ ပြောင်းရွှေ့ကြေးမြင့်မားမှုကြောင့် ဝုဗ်အသင်းမှ တိုက်စစ်မှူး ကန်ဟာကို ခေါ်ယူခဲ့သည့်အပြင် ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုကိုလည်း ထပ်မံခေါ်ယူကာ လာမည့်ရာသီတွင် အသင်းကို အကောင်းဆုံး တည်ဆောက်ရန် မျှော်လင့်ထားခဲ့ပြီး လက်ရှိတွင် အမ်ဘူမိုကိုခေါ်ယူရန် ကြန့်ကြာနေသဖြင့် လာမည့် အမေရိကခရီးစဉ်တွင်ပါဝင်နိုင်ရန် ဆက်လက်ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

အမ်ဘူမိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ် ထိပ်တန်း တိုက်စစ်မှူးများဖြစ်သည့် ဆာလာဟ်၊ ဟာလန်း၊ အစ်ဆက်ခ်တို့နောက်တွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သောကြောင့် နည်းပြအာမိုရင်ကစားကွက်နှင့် ကိုက်ညီသည့်အတွက် ခေါ်ယူရန် ဆုံးဖြတ်ထားသဖြင့် လာမည့် ဇူလိုင် ၂၂ ရက်မတိုင်မီ အပြီးသတ်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ကစားသမားများ အနားယူချိန်နှင့်ပတ်သက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အတည်ပြုကြေညာ

နယူးယောက် ဇူလိုင် ၁၄

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး ကစားသမားများ သမဂ္ဂတို့ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ကစားသမားများ၏ အနားယူချိန်နှင့် ပတ်သက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

နောက်ပိုင်း ကာလများတွင် ကလပ်အသင်းများအတွက် ပြိုင်ပွဲများပြားလာသကဲ့သို့ နိုင်ငံတကာ ပြိုင်ပွဲများနှင့် ကလပ်ပြိုင်ပွဲများ အကြား ပြိုင်ပွဲအများအပြားရှိနေသည့်အတွက် ကစားသမားများ အနေဖြင့် အနားယူချိန်မလုံလောက်သည့်ပြဿနာများ မကြာခဏဖြစ်ပွားနေသောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးကစားသမားများသမဂ္ဂတို့က တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အတည်ပြုခဲ့ခြင်းဖြစ်သည်။


ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး ကစားသမားများ သမဂ္ဂတို့ကြား အတည်ပြုချက်များအရ ကစားသမားများအနေဖြင့် ပွဲတစ်ပွဲကစားပြီးလျှင် အနည်းဆုံး အနားယူချိန် ၇၂ နာရီရှိရမည်ဖြစ်ပြီး ဘောလုံးရာသီတစ်ခုပိတ်သိမ်းချိန်တွင် အနည်းဆုံး နားရက် ၂၁ ရက်ရရှိရမည်ဟု အတည်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားများ အဖွဲ့အစည်းက ဘောလုံးရာသီ တစ်ခုပိတ်သိမ်းချိန်တွင် ကစားသမားများအတွက် အနည်းဆုံး နားရက် ၂၈ ရက်ပေးရန် တောင်းဆိုထားသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးကစားသမားများသမဂ္ဂတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၁ ရက်သာ သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းနည်းပြအဖြစ် ဂျပန်အမျိုးသမီး နည်းပြတစ်ဦးခန့်အပ်



ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်အတွင်းကျင်းပမည့် အာဆီယံပြိုင်ပွဲနှင့် အာရှ ခြေစစ်ပွဲများအတွက် ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းနည်းပြအဖြစ် ဂျပန်အမျိုးသမီးနည်းပြ Ms. Kumiko Tashiroကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

နည်းပြ Ms. Kumiko Tashiro သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် ဂျပန်ကလပ်အသင်းများဖြစ်သည့် Urawa Red Diamonds, Saitama Reinas စသည့် ကလပ်များတွင် နောက်တန်း ကစားသမားအဖြစ် ကစားခဲ့သူဖြစ်သည်။

ထို့ပြင် Ms. Kumiko Tashiro သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝတွင် JFA Pro license ရ နည်းပြတစ်ဦးဖြစ်ပြီး Urawa Red Diamonds အသင်းအပါအဝင် ဂျပန်အမျိုးသမီး ကလပ်များ၊ လူငယ်အသင်းများကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြ Ms. Kumiko Tashiro အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းကို အာရှ ခြေစစ်ပွဲနှင့် အာဆီယံပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန် တာဝန်ယူသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ပျားရည်ကိုအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန် ပျားရည်ဝိုင်ထုတ်လုပ်ခြင်း



**နိဒါန်း**

မြန်မာနိုင်ငံသည် သဘာဝရင်းမြစ်ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အလျောက်စိုက်ပျိုးရေးသီးနှံများ၊ သစ်ပင်ပန်းမန်များနှင့် တောရိုင်းပန်းပင်များမှ ရရှိသော ဝတ်ရည်များကို ပျားများမှစုစည်းကာ မတူညီသောပျားရည် အမျိုးမျိုးရရှိနိုင်သည်။ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရှိရသော ပျားရည်အမျိုးအစားများမှာ ပန်းပေါင်းစုံပျားရည် (Multifloral Honey၊ ရာဘာပျားရည် (Rubber Honey)၊ ပန်းနှမ်းပျားရည် (Niger Honey)။ နေကြာပျားရည် (Sun-flower Honey)၊ ဆီးပျားရည်(Jujube Honey) နှင့် တောရိုင်းပျားရည်(Wildflower Honey) တို့ဖြစ်သည်။ ပျားရည်ကိုအသုံးပြု၍ ပန်းသီးအရက်၊ အနံ့သင်းပျံ့သော ဝီစကီ၊ ဘီယာနှင့်အခြားသောယမကာများကို ထုတ်လုပ်နိုင်သည်။

ပျားရည်ဝိုင် (Mead) သည် သမိုင်းကြောင်းအရ ရှေးယခင် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက ဝိုင်တစ်မျိုးဖြစ်သည်။ ပျားထွက်ပစ္စည်းများဖြစ်သည့် ပျားရည်ကိုအခြေခံကာ ပြုလုပ်ထားသော ပျားရည်ဝိုင်သည် ကျန်းမာရေးအတွက် အထောက်အကူပြုသည့်အပြင် သဘာဝအရသာကြောင့်လည်း လူကြိုက်များသော ဝိုင်တစ်မျိုးဖြစ်သည်။ ပျားရည်ဝိုင်ပြုလုပ်ခြင်းသည် ပျားမွေးမြူသူများကို တစ်ဖက်တစ်လမ်းမှ တစ်နိုင်တစ်ပိုင်ထုတ်လုပ်ကာ ဝင်ငွေတိုးမြင့်စေရုံသာမက တန်ဖိုးမြှင့်ထုတ်ကုန်အနေဖြင့် နိုင်ငံတကာအထိ တင်ပို့ရောင်းချနိုင်သည်ထိ စီးပွားရေးအလားအလာ မြင့်မားစေသည့် ထုတ်ကုန်တစ်မျိုးဖြစ်သည်။

**ပျားရည်ဝိုင်ထုတ်လုပ်သည့် နည်းစနစ်များ**

ပျားရည်ဝိုင်ပြုလုပ်နည်းမှာ ရိုးရှင်းကာ လွယ်ကူသည်။ ပျားရည်ဝိုင်သည် ပျားရည်ကိုအခြေခံကာ ပြုလုပ်ထားသော အဖျော်ယမကာတစ်မျိုးဖြစ်သည်။ ပျားရည်တွင် သဘာဝသကြားဓာတ်များပါဝင်ပြီး ၎င်းကို ရေဖြင့်ရောစပ်ကာ တဆေးအသုံးပြု၍ ကစော်ဖောက်ခြင်းဖြင့် ဝိုင်အဖြစ်ထုတ်လုပ်နိုင်သည်။ ပျားရည်ဝိုင်ပြုလုပ်နိုင်သည့် ပျားရည်အမျိုးအစားများမှာ ပန်းပေါင်းစုံပျားရည်၊ ရာဘာပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ဆီးပျားရည်နှင့် တောရိုင်းပျားရည်တို့ဖြစ်သည်။ ပျားရည်ဝိုင်ပြုလုပ်ရာတွင် လိုအပ်သောပစ္စည်းများမှာ သဘာဝအတိုင်းရရှိသော ပျားရည်စစ်စစ်၊ သန့်ရှင်းသောရေသန့်နှင့် ဈေးကွက်တွင်ရောင်းချသော တဆေးအနည်းငယ်သာ လိုအပ်သည်။ ပျားရည်ဝိုင်ပြုလုပ်ပုံ ပထမအဆင့်ဖြစ်သည့် ပျားရည်နှင့်ရေ ရောစပ်ခြင်းလုပ်ငန်းစဉ်တွင် ပျားရည်နှင့်ရေအချိုးကို ၁း၂ သို့မဟုတ် ၁း၃ အချိုးဖြင့် ရောစပ်ကာ ၆၀°C ရှိသော ရေကျက်အေးကို အသုံးပြု၍ ရောစပ်ရမည်ဖြစ်သည်။ တဆေးအသုံးပြုရာတွင် ပျားရည်၏ တစ်ရာခိုင်နှုန်းခန့်သာ အသုံးပြုရမည်ဖြစ်သည်။ ပျားရည်ဝိုင်ပြုလုပ်နေစဉ်တွင် အရသာလိုအပ်ချက်အနေဖြင့်သာမက ကစော်ဖောက်ခြင်း လျင်မြန်စွာဖြစ်ပေါ်စေရန် သကြားကို ထပ်မံထည့်သွင်းအသုံးပြုနိုင်သည်။ အချို့ပျားရည်ဝိုင်များတွင် သစ်သီးများ၊ ဆေးမြစ်များနှင့် အခြားသောပါဝင်ပစ္စည်းများကိုဖြည့်စွက်ကာ အသုံးပြုနိုင်သည်။ ပျားရည်ဝိုင်ပြုလုပ်ခြင်းတွင် ကစော်ဖောက်ခြင်းလုပ်ငန်းစဉ်သည် အချိန်ကြာမြင့်နိုင်ကာ အနည်းဆုံး ရက်သတ္တပတ်အနည်းငယ်မှ လများထိ ကြာမြင့်နိုင်ပြီး ကစော်ဖောက်နေစဉ်အချိန်တွင်းတွင် လေမဝင်ရောက်စေရန် အဖုံးကိုတင်းကျပ်စွာ ပိတ်ထားရန်လိုအပ်သည်။ ရက်သတ္တပတ် သုံးပတ်အထက်ကြာမြင့်ပြီးပါက အသင့်ရရှိလာသော ပျားရည်ဝိုင်ကို ဖန်ပုလင်းထဲသို့ စစ်ယူပြီး အပူချိန် ၁၂၅°C ရှိသော ရေနွေးဖြင့် ၁၅ မိနစ်ခန့် ပိုးသတ်ပေးရမည်ဖြစ်ပြီး အနံ့နှင့်အရသာကို စစ်ဆေးရမည်ဖြစ်သည်။ အသင့်ဖြစ်သော ပျားရည်ဝိုင်ကို တစ်နှစ်တာထိအေးသောနေရာတွင်သိမ်းဆည်းထားပါက အရသာပိုမိုကောင်းမွန်လာနိုင်သည်။

**ပျားရည်ဝိုင်၏ ရုပ်ပိုင်းဆိုင်ရာအရည်အသွေးကို စစ်ဆေးခြင်း**

ပျားရည်ဝိုင်ကောင်းတစ်ခုကို စစ်ဆေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ပျားရည်ဝိုင်ကောင်းတစ်ခုသည် သဘာဝပျားရည်ကို အဓိကပါဝင်ပစ္စည်းအဖြစ် အသုံးပြုရမည်ဖြစ်ပြီး ဓာတုပစ္စည်းများ မပါဝင်ရပါ။ ၎င်းသည် ကြည်လင်သောအရောင်ရှိပြီး အနည်အနှစ်များ မပါဝင်သင့်ပါ။ ဝိုင်အရောင်သည် ပျားရည်အမျိုးအစားပေါ်မူတည်၍ အဝါရောင်မှ အညိုရောင်ထိ ကွဲပြားနိုင်သည်။ ဝိုင်သည် ချိုမြိန်သောအရသာရှိရမည်ဖြစ်ပြီး ချဉ်သောအရသာသည်လည်း အသုံးပြုသောပျားရည်အမျိုးအစားပေါ်မူတည်၍ အနည်းငယ်ပါဝင်နိုင်သည်။ ဓာတုပစ္စည်းများ ပါဝင်သောပျားရည်သည် ခါးသက်သော အရသာရှိတတ်သည်။ အနံ့တွင်လည်း ပျားရည်၏သဘာဝအနံ့ကို ထိန်းသိမ်းထားပြီး မှိုနံ့ကဲ့သို့သော အနံ့များပါဝင်ခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။

**ပျားရည်နှင့် ပျားရည်ဝိုင်ကို ဓာတုဗေဒနည်းဖြင့် အရည်အသွေးစစ်ဆေးခြင်း**

ပျားရည်နှင့် ပျားရည်ဝိုင်တို့ကို ဓာတုဗေဒဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်စစ်ဆေးရာတွင် ရေပါဝင်နှုန်း၊ အရောင်၊ သကြားဖွဲ့စည်းမှု၊ စေးကပ်မှုတို့ကို စစ်ဆေးနိုင် သည်။ ပျားရည်တွင် အဓိကပါဝင်သော သကြားနှစ်မျိုးမှာ Fructose ၃၈ ရာခိုင်နှုန်းနှင့် Glucose ၃၁ ရာခိုင်နှုန်းဖြစ်ပြီး အခြားသော Disac-charides များ ပါဝင်သည်။ ပျားရည်အမျိုးအစားအမျိုးမျိုးရှိသည့်အနက် သကြားပါဝင်မှုများသော ပျားရည်တို့ကို သိရှိကာ ပျားရည်ဝိုင်ပြုလုပ်ခြင်းဖြင့် အရသာပိုမိုကောင်းမွန်သော ဝိုင်များကို ရရှိနိုင်မည်ဖြစ်သည်။ ပျားရည်အတွင်းရှိ သကြားဓာတ်သည် ဝိုင်ပြုလုပ်သည့် လုပ်ငန်းစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပြီး ၎င်းသည် အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနှင့် အနံ့အရသာပိုင်းများကို သက်ရောက်မှုရှိစေသည့်အတွက်ဖြစ်သည်။ ` သန့်စင်သောပျားရည်မှ ပျားရည်ဝိုင်သို့ ပြောင်းလဲသွားသောအခါ ပိုမိုကြာရှည်စွာ သိမ်းဆည်းနိုင်ခြင်းနှင့် ဝိုင်၏အနံ့အရသာပိုင်းတွင် များစွာသက်ရောက်မှုရှိသည်။ ဝိုင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် အကောင်းဆုံးဝိုင် ရရှိစေရန်နှင့် ထုတ်ကုန်အရည်အသွေးမြင့်တက်စေရန် ပျားရည်မှ ဝိုင်သို့ ထုတ်လုပ်သည့်အခါ ပျားရည်၏ပါဝင်ပစ္စည်းများပြောင်းလဲမှုကို သိရှိနားလည်ရန် အထူးလိုအပ်သည်။ ပျားရည်သို့မဟုတ် ပျားရည်ဝိုင်နှင့် ပတ်သက်သော ဓာတုဗေဒဆိုင်ရာ ပြောင်းလဲမှုများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူရေး ဖွံ့ဖြိုးရေးဌာနခွဲ သို့မဟုတ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ဆက်သွယ်စစ်ဆေးနိုင်သည်။

**❖ပျားရည်သည် သဘာဝမှရရှိသော လက်ဆောင်ဖြစ်သည့်အလျောက် အာဟာရဓာတ်ကြွယ်ဝပြီး ၎င်းကိုအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအရများစွာအကျိုးကျေးဇူးရရှိနိုင်သည်။ ပျားရည်ဝိုင်ထုတ်လုပ်ခြင်းသည် ပျားရည်၏တန်ဖိုးကို ပိုမိုမြှင့်တင်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ပျားရည်ဝိုင်ထုတ်လုပ်ရာတွင် ပျားရည်၏အရည်အသွေးကို ထိန်းသိမ်းရန်၊ စနစ်တကျအချဉ်ဖောက်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို သေချာစွာထိန်းချုပ်ရန် အရေးကြီးသည်။ ❖**

**ပျားရည်ဝိုင်၏ ဗက်တီးရီးယားခုခံနိုင်စွမ်း အကြောင်းအရာ**

ပျားရည်ကို အာဟာရဓာတ်မြင့်မားပြီး ကျန်းမာစေသည့် အစားအစာအဖြစ် စားသုံးခြင်းအပြင် တိုင်းရင်းဆေးအဖြစ်လည်း အနာ၊ အဖုများကို ကုသရာတွင် အသုံးပြုကြသည်။ "အစာလည်းဆေး ဆေးလည်းအစာ"အဖြစ် စားသုံးကြသော ပျားရည်သာမက ပျားရည်ဝိုင်တွင်လည်း အိုမင်းရင့်ရော်ခြင်းကို ကာကွယ်နိုင်ခြင်း၊ ရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားပိုးမွှားများကို ခုခံနိုင်သော အကျိုးကျေးဇူးများရရှိခြင်းကို သုတေသနတွေ့ရှိချက်များအရ သိရှိခဲ့ရသည်။

**ပျားရည်ဝိုင်၏ကျန်းမာရေးအကျိုးကျေးဇူးများ**

ပျားရည်ဝိုင်သည် သဘာဝအရသာနှင့် ကျန်းမာရေးအကျိုးကျေးဇူးများကြောင့် လူကြိုက်များသော အဖျော်ယမကာ တစ်ခုဖြစ်သည်။ ပျားရည်ဝိုင်သောက်ခြင်းဖြင့် အောက်ပါ ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ ၎င်းတို့မှာ-

- ကိုယ်ခံစွမ်းအား မြှင့်တင်နိုင်ခြင်း
- နှလုံးကျန်းမာရေးအတွက်အကျိုးရှိခြင်း
- အစာခြေစနစ် ပိုမိုကောင်းမွန်လာစေခြင်း
- စိတ်ဖိစီးမှုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**ပျားရည်ဝိုင် သောက်သုံးရာတွင် သတိပြုရမည့် အချက်များ**

ပျားရည်ဝိုင်သည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေနိုင်သော်လည်း အယ်လ်ကိုဟော ပါဝင်သောကြောင့် အလွန်အကျွံသောက်ခြင်းများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ဓာတ်မတည့်မှုများကို စစ်ဆေးရမည်ဖြစ်သည်။ ပျားရည်နှင့် ဓာတ်မတည့်သူများသည် ပျားရည်ဝိုင်ကို ရှောင်ကြဉ်သင့်သည်။ ဝိုင်တွင် အယ်လ်ကိုဟောပါဝင်မှုကြောင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ သောက်သုံးခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

**နိဂုံး**

ပျားရည်သည် သဘာဝမှရရှိသော လက်ဆောင်ဖြစ်သည့်အလျောက် အာဟာရဓာတ်ကြွယ်ဝပြီး ၎င်းကိုအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအရ များစွာအကျိုးကျေးဇူးရရှိနိုင်သည်။ ပျားရည်ဝိုင်ထုတ်လုပ်ခြင်းသည် ပျားရည်၏တန်ဖိုးကို ပိုမိုမြှင့်တင်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ပျားရည်ဝိုင်ထုတ်လုပ်ရာတွင် ပျားရည်၏အရည်အသွေးကို ထိန်းသိမ်းရန်၊ စနစ်တကျအချဉ်ဖောက်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို သေချာစွာ ထိန်းချုပ်ရန် အရေးကြီးသည်။ ထို့ပြင် ထုတ်ကုန်၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကိုသေချာစေရန် ဤအချက်များကိုအခြေခံ၍ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရမည်ဖြစ်သည်။ ကျေးလက်ဒေသရှိ ပျားမွေးမြူသူများအနေဖြင့်ပျားရည်စုဆောင်းထုတ်ယူခြင်းလုပ်ငန်းအပြင် တန်ဖိုးမြှင့်ထုတ်ကုန်ဝိုင်အဖြစ် ထုတ်လုပ်ကာ စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးနိုင်ပြီး၊ ဒေသတွင်းရှိ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပျားရည်ဝိုင် ထုတ်လုပ်ခြင်းသည် ပျားရည်၏တန်ဖိုးကို မြှင့်တင်ပေးသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်မှုအတွက်လည်း အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ပျားရည်ဝိုင်ထုတ်လုပ်ခြင်းလုပ်ငန်းကို တစ်နိုင်တစ်ပိုင်လုပ်ငန်းမှသည် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အထောက်အပံ့များဖြင့် နည်းပညာများ မျှဝေပေးခြင်းဖြင့် ပိုမိုအောင်မြင်သော စီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်နိုင်မည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နန်းမို**

# Mahar Application ၏ မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်ပြသမည့် "ငါဘုရင်မ" ဇာတ်လမ်းတွဲ Press Show ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဇူလိုင် ၁၄**

Mahar Application ၏ မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်ပြသမည့် "ငါဘုရင်မ" ဇာတ်လမ်းတွဲ Press Show ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel တွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ငါဘုရင်မ" ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာမ သျှင်မက ရေးသားထားပြီး ငွေစင်သွန်း၊ သင်းနှံ့သာ၊ ညမွှေးပန်းတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဝိုင်းက Mahar Application အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"မဟာက ငါဘုရင်မကို ဇာတ်လမ်းတွဲအနေနဲ့ ရိုက်ပေးဖို့ လာကမ်းလှမ်းကြလို့ ရိုက်ဖြစ်သွားတာပါ။ ကိုယ်တိုင်စိတ်တိုင်းကျမှ ပရိသတ်တွေဆီ ချပြတာပါ။ ဇာတ်လမ်းတွဲ ရိုက်ရတာဆိုတော့ တော်တော် အချိန်ပေးရိုက်ခဲ့ရတာပါ။ သရုပ်ဆောင်တွေကလဲ ကိုယ်လုပ်ရမှာကိုပဲ အာရုံထားပြီး လုပ်ကြတယ်" ဟု ဒါရိုက်တာ ဝိုင်းက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ မင်းဦး၊ ကျော်ဇေယျ၊ ဝေဖြိုး၊ ဟိန်းသစ်စ၊ ထူးနိုင်လင်း၊ ရဲရင့်စည်သူအောင်၊ ခင်ဝင့်ဝါ၊ ထက်ထက်ထွန်း၊ စိုးမိုးကြည်၊ ခင်မို့မို့အေးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Bawat Flim Production မှ ရိုက်ကူးထုတ်လုပ်မည့် ခ ခရေကုံးမလေးပြုံး ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် ဇူလိုင် ၁၄**

Bawat Flim Production မှ ရိုက်ကူးထုတ်လုပ်မည့် ခ ခရေကုံးမလေးပြုံး ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Sedona Hotel တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ခ ခရေကုံးမလေးပြုံး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သရုပ်ဆောင် ဖူးစုံက ရေးသားထားကာ ဒါရိုက်တာ ကောင်းမြတ်ကျော်သူက ဇာတ်ညွှန်းရေးသားပြီး ၎င်းကပင် ဒါရိုက်တာအဖြစ် Bawat Film Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ခ ခရေကုံးမလေးပြုံးက ဖူးစုံကိုယ်တိုင်ရေးတဲ့ ဇာတ်လမ်းပါ။ လွန်ခဲ့တဲ့ ၆ နှစ်လောက်ကတည်းက ရေးသားထားတဲ့ ဇာတ်လမ်းပါ။ ပထမတော့ ဇာတ်လမ်းတွဲ ရိုက်ချင်တာပါ။ ဒါရိုက်တာနဲ့ ထုတ်လုပ်သူရှာရင်းကနေ ဇာတ်လမ်းတွဲ မဟုတ်တော့ဘဲ ရုပ်ရှင်ဇာတ်ကား ဖြစ်သွားတာပါ" ဟု သရုပ်ဆောင် ဖူးစုံက ပြောပြသည်။

အဆိုပါ ခ ခရေကုံးမလေးပြုံး ရုပ်ရှင်ဇာတ်ကားကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် ရိုက်ကူးသွားမည်ဖြစ်ပြီး သရုပ်ဆောင်များအဖြစ် ဖူးစုံ၊ ရွှေသမီး၊ မေတိုးခိုင်၊ အေးသန္တာဗို၊ ပိုးမီနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။ ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပံ့ပိုးပေးမည့်အစီအစဉ်ကို ဇူလိုင် ၁၇ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပံ့ပိုးပေးမည့်အစီအစဉ်ကို ဇူလိုင် ၁၇ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

အဆိုပါ အစီအစဉ်ကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများအပြင် ပညာသင်ပံ့ပိုးကြေးများလည်း ပေးအပ်သွားမည်ဖြစ်သည်။

" ရုပ်ရှင်အစည်းအရုံးဝင်တွေရဲ့ သားသမီးတွေကို ပညာသင်စရိတ်ပံ့ပိုးကြေးတွေ နှစ်စဉ်ပေးအပ်နေတာဖြစ်ပါတယ်။ အစည်းအရုံးကမတည်ပြီးတော့ အခြားအလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့အတူ ရုပ်ရှင်လောကသားတွေရဲ့ သား၊သမီးတွေကိုပညာသင်စရိတ်ပံ့ပိုးကြေး၊ ကျောင်းဝတ်စုံနဲ့ ကျောင်းသုံးပစ္စည်းတွေ နှစ်စဉ်လှူဒါန်း ပေးလျက်ရှိပါတယ်။ ယခုနှစ်မှာလဲ ယခင်နှစ်များအတိုင်း ပေးအပ်သွားမှာ ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာပံ့ပိုးမှု လိုအပ်သူအားလုံးကို ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရုပ်ရှင်လောကသားအားလုံး လျှောက်ထားနိုင်ကြောင်း သိရသည်။

ASH

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# Fight For 84 ဇာတ်ကား၌ မင်းသား မာလာချီဘီစလေ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၄**

Netflix ရုပ်ရှင်၏ Fight For 84 အမည်ရှိ အားကစားလောကနောက်ခံရုပ်ရှင် ဇာတ်ကားသစ်တွင် မင်းသား မာလာချီဘီစလေလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

Fight For 84 ဇာတ်ကားတွင် မာလာချီဘီစလေသည် မင်းသား ဂျေမီဖော့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Fight For 84 ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်အတွင်း အိုလံပစ်လက်တွေ့ အသင်းသားများ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရပြီးနောက် အသင်းသစ် ပြန်လည်တည်ဆောက်ရန် ၁၉၈၄ ခုနှစ် အိုလံပစ်၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ အန်ဒရီဘော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အန်ဒရီယာဘားလော့နှင့် ဂျွန်ဂါတင်တို့က ရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးရေး အစီအစဉ်ကို Netflix ကုမ္ပဏီက မေလလယ်ကပင် ကြေညာထားပြီး လက်ရှိအချိန်တွင် ဇာတ်ကားရိုက်ကူးမည့်အချိန်နှင့် ပြသမည့်နေ့ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# Practical Magic -2 ဇာတ်ကားတွင် ဒီယန်နီဝစ်နှင့် စတော့ကာဒ်ချန်နားတို့ပြန်လည်ပါဝင်

**နယူးယောက် ဇူလိုင် ၁၄**

ဝါနာဘရားသားကုမ္ပဏီ၏ Practical Magic -2 ဇာတ်ကားတွင် မင်းသမီး ဒီယန်နီဝစ်နှင့် စတော့ကာဒ်ချန်နား တို့ပြန်လည်ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

Practical Magic -2 ဇာတ်ကားတွင် မင်းသမီး ဒီယန်နီဝစ်နှင့် စတော့ကာဒ်ချန်နားတို့သည် မင်းသမီး စန်ဒရာဟူးလော့၊ နီကိုးကစ်မင်းတို့နှင့်အတူ ထပ်မံလက်တွဲရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဆယ်အိုဝင်နှင့်ဂျီလီယန်အိုဝင် အမည်ရှိ စုန်းညီအမအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် Practical Magic (1998) ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည်။

Practical Magic (1998) ဇာတ်ကားတွင် ဒီယန်နီဝစ်နှင့် စတော့ကာဒ်ချန်နားတို့သည် အိုဝင်ညီအမကို မွေးစားခဲ့သည့် အဒေါ်နှစ်ဦးအဖြစ်သရုပ်ဆောင်ခဲ့ကြသည်။

Practical Magic -2 ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဆူဆန်ဘီယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝါနာဘရားသားကုမ္ပဏီက ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# Farmers completes cultivation of more than 9,000 acres of maize


A maize plantation.

**Kyunhla July 14**

Local farmers have so far planted more than 9,000 acres of maize in Kyunhla Township of Sagaing Region, according to the statistics of Kyunhla Township Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 14,995 acres of maize in Kyunhla Township. As of now, since starting in June of this year, a total of 9,586 acres have already been planted.

"This year, during the monsoon cropping season, Kyunhla Township has a plan to cultivate over 14,000 acres of maize. As of today, more than 9,000 acres have already been planted. Efforts are ongoing to meet the targeted acreage. In order to ensure the success of maize cultivation, we are conducting awareness campaigns to prevent pest and disease outbreaks," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

This year in Kyunhla Township, for farmers growing both seed and sweet corn, the Township Agriculture Department is providing training sessions, conducting field demonstrations, implementing preventive measures against fall armyworm, and promoting Integrated Pest Management (IPM) methods using neem-based pesticides and natural pest repellents like ginger and chili. They are also providing agricultural knowledge and techniques.

In Kyunhla Township, it is known that one acre of maize yields over 50 baskets and requires an investment of around K500,000 per acre. For sweet corn, each acre yields about 15,000 ears and also requires a cost of over K500,000 per acre. 206

# Vegetables cultivated on more than 1,800 acres of croplands

**Kalay July 14**

More than 1,800 acres of croplands were placed under vegetables in Kalay Township of Sagaing Region during this monsoon, the Agriculture Department of Kalay Township stated.

In 2025-26 monsoon cultivation season, local authorities earmarked cultivation of 8,040 acres of vegetables in Kalay Township but local farmers have so far planted 1,821 acres of vegetables against the target cultivation.

"This year, during the monsoon crop season, over 8,000 acres of vegetables are planned to be cultivated in Kalay Township. As of today, more than 1,800 acres have already been planted, and cultivation is ongoing. Efforts are being made to ensure that the targeted acreage is fully cultivated. The crops include roselle, chilli, mustard, culinary herbs, cauliflower, cabbage, potatoes, cauliflower, eggplant, and okra. Farmers are being provided with technical assistance to grow all these vegetables using the GAP (Good Agricultural Practices) system. They are also being trained to cultivate with minimal chemical residues and in a health-conscious manner," said Daw Marn Awe, Head of the Kalay Township Department of Agriculture.

This year, the Kalay Township Department of Agriculture is providing technical training to vegetable farmers to grow crops using the GAP system. It is also offering technical support to ensure that the harvested vegetables meet health standards and helping farmers expand their vegetable cultivation.

All seasonal vegetable plantations are thriving in Kalay Township, which generates incomes for local farmers and their families. Officials of the Township Agriculture Department raise farmer awareness how to apply correct agricultural techniques, prevent vests and make natural fertilizers and pesticides in order to reduce agricultural costs.

206

# Myaung Township finishes cultivation of maize in monsoon

**Myaung July 14**

Local farmers have so far planted more than 1,000 acres of maize in Myaung Township of Sagaing Region this year, according to Sagaing District Agriculture Department's statistics.

Local farmers have planted 1,228 acres of maize which stared in June this year, against the target of 2,160 acres of target cultivation in 2025-26 monsoon cultivation season.

"This year, during the monsoon crop season, over 2,000 acres of maize are planned to be cultivated in Myaung Township. As of today, more than 1,000 acres have already been planted, and efforts are ongoing to meet the targeted acreage. In order to ensure successful maize cultivation, farmers are being provided with knowledge and training, including measures to prevent pest and disease outbreaks," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

This year, in Myaung Township, the Township Department of Agriculture is offering training sessions and field demonstrations to farmers cultivating maize. They are also providing guidance on pest prevention, such as preventive measures against fall armyworm, and promoting integrated crop protection techniques. This includes the use of neem-based pesticides, the application of ginger and chilli-based pest control methods, and general agricultural knowledge.

It is reported that, in Myaung Township, maize yields over 50 baskets per acre, with a cultivation cost of around K500,000 per acre. 206

# 3 schools receive bomb threats in India's capital

**New Delhi July 14**

At least three schools in the Indian capital territory of Delhi received bomb threats on Monday, prompting authorities to rush police teams and bomb disposal squads to these educational institutions, officials said.

According to officials, the threat calls were received by two paramilitary Central Reserve Police Force (CRPF) schools located in Prashant Vihar and Dwarka Sector 16, as well as another school belonging to the Indian Navy in Chanakyapuri.

The threats, according to police, were received via email from unknown senders.

Immediately, the bomb detection and disposal squads, along with the dog squads, were rushed to these schools to conduct a thorough check.

"Police teams immediately moved in to check the school premises at all three locations," a police official said, adding that nothing suspicious was found and the threats proved to be hoax calls.

Police have registered a case and ordered an investigation into the threat. The police are trying to identify the sender of these emails and track the Internet Protocol address from which they have been generated.

Hoax threats last year triggered chaos in the airlines, schools, hospitals and hotels across the country.

Xinhua

# NATO country to raise military recall age to 70 – media

**Stockholm July 14**

Sweden plans to sharply raise the maximum conscription age for former military officers as part of a broad effort to expand its armed forces, public broadcaster SVT reported on Sunday. The proposal comes as the country commits billions to its military build-up.

Last month, NATO leaders agreed to raise the target for defense spending from 2% to 5% of GDP, with 3.5% allocated directly to the military and the remainder directed toward broader security initiatives. Brussels previously unveiled the €800 billion ($940 billion) ReArm Europe program.

According to the report, Stockholm will raise the age limit for recalling former officers to military service from 47 to 70.

The move comes from a government-appointed commission tasked with addressing long-term military recruitment. The group suggests abolishing the current rule that removes former personnel from the military register after ten years without training – allowing officers with at least one year of active or reserve duty to remain eligible for call-up until age 70.

The proposed change would reportedly reinstate thousands of names that were removed from the register under the current limits, which have until now capped eligibility for conscription at 47.

RT


Swedish soldiers wait to take part in a training exercise.

# Summer paddy harvested in Sagaing Township this year


Summer paddy being harvested with the help of machinery.

**Sagaing July 14**

Statistics of Sagaing Township Agriculture Department stated that local farmers have harvested all sown acreage of summer paddy in Sagaing Township of Sagaing Region.

In Sagaing Township, during this year's summer crop season, a total of 4,239 acres of summer paddy were cultivated. Harvesting of these paddy fields began in May, and as of today, 100 per cent of the cultivated area has been harvested. The average yield achieved was 88.49 baskets per acre.

U Myo Thant Aung, Head of the Sagaing Township Agriculture Department, stated: "This year, only 4,239 acres of summer paddy were cultivated in Sagaing Township. At present, the entire area has been completely harvested. Farmers were given technical assistance related to cultivation, awareness on pest prevention, guidance to avoid crop losses, and instructions to ensure harvested paddy was stored under proper shelter in a timely manner."

In Sagaing Township, to help increase yield per acre and meet target output levels, summer paddy farmers received high-quality seed varieties, technical brochures, training courses and awareness sessions, and support to access the necessary agricultural inputs on time.

Additionally, large-scale farmers were encouraged to coordinate with the Agriculture Department and prepare in advance for timely cultivation of summer paddy and other crops following the harvest of monsoon paddy and monsoon crops. This included adhering to pest and disease prevention guidelines, conducting soil nutrient replenishment activities, and preparing quality seed stocks in advance. 206

# More than 1,600 acres of vegetables planted in Kanbalu Township this monsoon

**Kanbalu July 14**

Local farmers have planted more than 1,600 acres of vegetables in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.

During the 2025-2026 monsoon cropping season, it is planned to cultivate 1,963 acres of vegetables in Kanbalu Township. The cultivation of these vegetables began in May of this year, and as of today, 1,678 acres have already been planted.

"This year, during the monsoon cropping season, Kanbalu Township has a plan to grow over 1,900 acres of vegetables. As of now, more than 1,600 acres have already been planted. We are continuing efforts to meet the targeted acreage. The crops include roselle, cauliflower, mustard, chili, coriander, potato, cauliflower, eggplant, and bitter gourd. Farmers are being provided with technical assistance to grow all vegetables using the GAP (Good Agricultural Practices) system. We are also guiding them to grow these vegetables in a way that uses minimal chemical residues and is health-friendly," said U Myo Zaw, Head of the Kanbalu Township Agriculture Department.

This year, in Kanbalu Township, the Township Agriculture Department is providing technical training to vegetable farmers to encourage them to grow under the GAP system. They are also offering guidance to ensure the harvested vegetables are healthy and safe for consumption, and working to encourage farmers to expand their vegetable cultivation.

In Kanbalu Township, a variety of vegetables are grown seasonally every year. The cultivated vegetables have shown successful outcomes, contributing to household income. The Township Agriculture Department continues to raise awareness among farmers on proper cultivation methods, pest prevention, the use of organic fertilizers, natural pesticides, and pest repellents. 206

# Farmers plant more than 2,000 acres of rice bean in Wetlet Township

**Wetlet July 14**

Local farmers have so far planted more than 2,000 acres of rice bean in Wetlet Township of Sagaing Region during this monsoon, according to the township Agriculture Department.

During the 2025–2026 monsoon crop season, it is planned to cultivate a total of 5,997 acres of rice bean in Wetlet Township. Cultivation began in May this year, and as of today, a total of 2,588 acres have already been planted.

Daw Kyin San, Head of the Wetlet Township Agriculture Department, commented: "For this year's monsoon season, more than 5,000 acres of rice bean are targeted for cultivation in Wetlet Township. So far, over 2,000 acres have already been cultivated. We are continuing efforts to reach the targeted acreage. We are also providing educational outreach to encourage expanded cultivation and the use of high-quality, pure seeds to improve yield."

This year, the Township Agriculture Department has been educating rice bean farmers in Wetlet Township on the use of region-appropriate and pure seed varieties, ensuring proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yield.

Additionally, during this year's monsoon crop season, in the cultivation of various pulse crops, efforts are being carried out in collaboration with farmers to ensure better yield and quality. This includes supplying high-quality seeds, providing necessary inputs, and sharing post-harvest technologies.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# YeU Township cultivates more than 2,000 acres of sesame this monsoon

**YeU July 14**

According to YeU District Agriculture Department, local farmers planted more than 2,000 acres of croplands under sesame in YeU Township of Sagaing Region during the monsoon this year.

During the 2025–2026 monsoon crop season, it has been planned to cultivate 3,211 acres of monsoon sesame in YeU Township, and cultivation began in June of this year. As of today, 2,683 acres have already been cultivated.

The Head of the Department of Agriculture in YeU District, U Zaw Myint Tun, stated: "For this year's monsoon crop season, over 3,000 acres of sesame are planned to be cultivated in YeU Township. As of today, more than 2,000 acres have been completed. Efforts are being made to ensure the full target acreage is cultivated. Additionally, we are working to expand sesame cultivation, increase yield, and promote cultivation using GAP (Good Agricultural Practices) methods."

This year, the Township Department of Agriculture is providing technical assistance and knowledge-sharing to sesame farmers in YeU Township. This includes support for expansion of sesame cultivation, implementation of systematic farming methods, adoption of GAP methods, use of quality and pure seeds, and cultivation of high-yield sesame varieties.

Crops produced under the GAP system have several advantages over those grown by traditional methods. These include higher quality, better prices, and marketability not only in domestic markets but also internationally. Therefore, farmers practicing GAP cultivation are expected to gain greater economic benefits and experience improvements in their socioeconomic status. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## KAI ကုမ္ပဏီက ဂျက်အင်ဂျင်သုံး မောင်းသူမဲ့လေယာဉ်ကိုအခြေခံ၍ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တစ်မျိုးကို တီထွင်ထုတ်လုပ်နေ



တောင်ကိုရီးယားနိုင်ငံ လေကြောင်းနှင့် အာကာသလုပ်ငန်း (KAI) ကုမ္ပဏီသည် လက်ရှိတီထွင်လုပ်ဆောင်နေဆဲဖြစ်သော ဂျက်အင်ဂျင်သုံး မောင်းသူမဲ့လေယာဉ်ကိုအခြေခံ၍ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တစ်မျိုးကို စတင်တီထွင်ထုတ်လုပ်နေပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

KAI ကုမ္ပဏီ၊ အနာဂတ်စနစ်များ သုတေသနအဖွဲ့ခေါင်းဆောင် Kang Byung-gil က မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို အလေးချိန် ခြောက်တန်ခန့်ရှိလေယာဉ်ကိုယ်ထည်ပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး သမားရိုးကျလေယာဉ်တင်သင်္ဘောများမှ လောက်လွှဲစနစ်ဖြင့် လွှတ်တင်ပျံသန်းနိုင်ကာ ကြိုးဖြင့်ဆင်းသက်နိုင်စွမ်းရှိမည် ဖြစ်သည်။

မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်တွင် အမြီးပိုင်း၌ ချိတ်တစ်ခုနှင့် အဆင်းဂီယာတစ်စုံပါရှိသည်။ ဤသည်မှာ လျှပ်စစ်သံလိုက်လှိုင်း ပစ်လွှတ်ဖမ်းယူမှုစနစ်များဖြင့် အဆင်ပြေစွာ အသုံးပြုနိုင်မည်ကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်။ ဖြုတ်လွယ်၊ တပ်လွယ် ဖွဲ့စည်းပုံဒီဇိုင်းဖြစ်ကာ အာရုံခံကိရိယာများနှင့် Payloads များကို သက်ဆိုင်ရာ ရည်မှန်းချက်တာဝန်အမျိုးအစားအလိုက် အလဲအလှယ်ပြုလုပ်၍ ပြောင်းလဲတပ်ဆင်နိုင်မည်ဖြစ်သည်။

ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်များ၊ ဝေဟင်မှမြေပြင် ခဲယမ်းများနှင့် ဝေဟင်မှ ပစ်လွှတ်နိုင်သော ဒရုန်းများသယ်ဆောင်တိုက်ပွဲဝင်နိုင်ရန် မျှော်မှန်းထားသည်။ အတွင်းလက်နက်တပ်ဆင်ခန်းများ အပါအဝင် ရန်သူ့ရေဒါထောက်လှမ်းခံနိုင်ခြေနည်းပါးပြီး တာဝေးစောင့်ကြည့်ထောက်လှမ်းရေးတာဝန်များပါ ထမ်းဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ KAI ကုမ္ပဏီ၏ ရေတပ်သုံး မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် တိုးတက်ဖွံ့ဖြိုးထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် လေယာဉ်တင်သင်္ဘော CV-X အစီအစဉ်ကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ CV-X အစီအစဉ်တွင် ကနဦး၌ အမေရိကန်နိုင်ငံထုတ် အက်ဖ် ၃၅ ဘီ (F-35B) ပြေးလမ်းတို အတက်၊ အဆင်း ပြုလုပ်နိုင်သော ရေတပ်သုံးကိုယ်ပျောက်တိုက်လေယာဉ်များပါဝင်ယူရန်အစီအစဉ်များ ပါဝင်ခဲ့သည်။

ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် LOWUS စနစ်များထက် ပိုကြီးပြီး Payload တင်ဆောင်နိုင်စွမ်း၊ ဖွဲ့စည်းတည်ဆောက်ပုံ တောင့်တင်းခိုင်မာမှု၊ လွတ်လပ်စွာစစ်ဆင်ရေး ဆောင်ရွက်နိုင်မှုတို့ ပိုင်ဆိုင်ထားမည်ဖြစ်သည်။ Payload အလေးချိန် ကီလိုဂရမ် ၈၀၀ နှင့် အတူ ဒရုန်း၏ အများဆုံးပျံတက်နိုင်မှုအလေးချိန်မှာ ခြောက်တန်ဖြစ်ပြီးအကွာအဝေး ၄၈၂ ကီလိုမီတာခန့်ထိ စစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။

၎င်းကို High-Bypass Turbofan အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး Mach 0.6 အလျင်နှုန်းအောက်ဖြင့် ပျံသန်းနိုင်မည်ဖြစ်သည်။ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ထိပ်ပိုင်းကိုဖြုတ်လွယ် တပ်လွယ်ရန် ဒီဇိုင်းထုတ်ထားပြီး AESA ရေဒါ၊ IRST၊ EOTS နှင့် အနာဂတ်မျိုးကွဲများတွင် ပင်လယ်ရေကြောင်းစောင့်ကြည့်ရေး ရေဒါများ ပေါင်းစပ်နိုင်ဖွယ်ရှိသည်။ Meteor တာဝေးပစ် ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်ကို သယ်ဆောင်နိုင်စွမ်းအပြင် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တွင် KAI ကုမ္ပဏီမှ ဖန်တီးထုတ်လုပ်ထားသော အသေးစားနှင့် အလတ်စား ဝေဟင်ပစ် ဒရုန်းများ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဤသည်မှာ ဒရုန်းအများအပြားကိုပစ်လွှတ်၍ စီမံခန့်ခွဲ တိုက်ပွဲဝင်နိုင်မည့် ဒရုန်းအဖြစ် အသုံးပြုနိုင်မှုကို ဖော်ညွှန်း ပြသနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**South Korea develops stealth attack drone to enhance naval strike capabilities in high-risk maritime zones ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းဒရုန်းထုတ်လုပ်မှုကို ဦးစားပေးဖော်ဆောင်မည်ဟု ထုတ်ပြန်ခဲ့

အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီတီဟက်ဆက်သည် အမေရိကန်ထုတ် ဒရုန်းများကို အသုံးပြုရာတွင် နှေးကွေးစေလျက်ရှိသော မူဝါဒကန့်သတ်ချက်များကို ဖယ်ရှားကာ ဒရုန်းမူဝါဒသစ် ချမှတ်ရန် အနာဂတ်တိုက်ခိုက်ရေး လိုအပ်ချက်များဖြည့်ဆည်းရန် ပြည်တွင်းဒရုန်း ထုတ်လုပ်မှုကို ဖော်ဆောင်မည့် သဘောတူစာချွန်လွှာတစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဆုံးဖြတ်ချက်သည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည့်အမိန့်ကို လိုက်နာခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းအမိန့်သည် အမေရိကန် ဒရုန်းထုတ်လုပ်မှုလုပ်ငန်းကို ပြန်လည်အသက်သွင်းရန်နှင့် မောင်းသူမဲ့လေယာဉ်စနစ်များအတွက် လုံခြုံစိတ်ချရသော ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်ကို တည်ထောင်ရန် ရည်ရွယ်ထုတ်ပြန်ထားခြင်းဖြစ်သည်။

ပင်တဂွန်စစ်ဌာနချုပ်၏ အကြီးအကဲပြောရေးဆိုခွင့်ရှိသူ ရှောင်ပါနယ်က အပတ်စဉ် Sitrep သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားရာတွင် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်အစိုးရ စွမ်းဆောင်ရည်မြှင့်တင်ရေးဌာနမှ စုဆောင်းထား သော ရန်ပုံငွေများကိုကြည်း၊ ရေ၊ လေတပ်ဖွဲ့များ နည်းပညာပိုင်းဆိုင်ရာ လျင်မြန်စွာ တိုးတက်ပြောင်းလဲစေရန် အမေရိကန်ကုမ္ပဏီများမှ ထုတ်လုပ်ထားသော ဒရုန်းစနစ် ရာပေါင်းများစွာကို တိုက်ရိုက်ဝယ်ယူ အသုံးပြုနိုင်ရေးအတွက် ပြန်လည် ခွဲဝေချထားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ပီတီဟက်ဆက်သည် ပင်တဂွန်၏ ဒရုန်းမူဝါဒသစ်ကို အသေးစိတ်ဖော်ပြရာတွင် ပြည်တွင်းထုတ်လုပ်မှုကိုမြှင့်တင်ရန်၊ အဆင့်မြင့်စနစ်များထုတ်လုပ်မှုကို အရှိန်မြှင့်ရန်နှင့် ခေတ်မီဒရုန်းစစ်ပွဲ၏ လက်တွေ့အခြေအနေများကိုထင်ဟပ်စေရန် စစ်ဘက်လေ့ကျင့်ရေးကို ပြောင်းလဲပစ်ရန်အပေါ် အာရုံစိုက်ထားသည့် အချက်သုံးချက်ပါ မဟာဗျူဟာတစ်ရပ်ကို ချမှတ်ခဲ့ကြောင်း သိရသည်။

ပထမဦးဆုံးအစီအစဉ်မှာ စစ်ဘက်ဝယ်ယူရေးအတွက် အမေရိကန်ထုတ် ဒရုန်းရာပေါင်းများစွာကို အမြန်ဆုံးအတည်ပြုခွင့်ပြုပေးခြင်းဖြင့် အမေရိကန်နိုင်ငံ၏ ဒရုန်းစက်မှုလုပ်ငန်းစုများ ခိုင်မာအားကောင်းအောင် လုပ်ဆောင်သွားရန်ဖြစ်သည်။ ပင်တဂွန်သည် ယခုအခါ အမေရိကန်နိုင်ငံအတွင်း ထုတ်လုပ်သောဒရုန်းစနစ်များကိုဝယ်ယူရာတွင် ဦးစားပေးမည်ဖြစ်ပြီး ပြောင်းလဲတိုးတက်နေသော နယ်ပယ်တစ်ခုတွင် ပြည်ပမှီခိုမှုကို



ပြောင်းပြန်လှန်ရန်နှင့် အမေရိကန် စစ်ဘက် ကိုယ်ပိုင်ဖန်တီးပုံဖော်နိုင်စွမ်းကို အာမခံရန်အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အသုံးပြု၍ တိုးချဲ့လုပ်ဆောင်သွားကာ အကြားအလပ်မရှိသော ဒရုန်းထောက်ပံ့ရေးကွင်းဆက်ကို တည်ဆောက်နိုင်စေမည်ဖြစ်သည်။

ဒုတိယရည်မှန်းချက်မှာ ရှေ့တန်းကျကျ တာဝန်ထမ်းဆောင်နေသာတပ်ဖွဲ့များအား စစ်မြေပြင်အတွက် တိုက်ပွဲဝင်အသင့်ဖြစ်နိုင်မည့် ဒရုန်းနည်းပညာများဖြင့် အားဖြည့်စစ်ကူပေးရန်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီး ပီတီဟက်ဆက်က အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်နိုင်ငံရှိ ထိပ်တန်းအင်ဂျင်နီယာများနှင့် ဉာဏ်ရည်တုပညာရှင် အကျော်အမော်များ ဒီဇိုင်းထုတ်ထားသည့် ဈေးသက်သာပြီး AI စနစ် ပါဝင်သော မောင်းသူမဲ့စနစ်များတွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဤဒရုန်းများသည် ထောက်လှမ်းရေး၊ ပစ်မှတ်ရှာဖွေရေး၊ ပစ်မှတ်ပေါ်ဝဲပျံတိုက်ခိုက်နိုင်သော အသေခံတိုက်ခိုက်ရေးဒရုန်းများ၊ အခန်းကဏ္ဍများနှင့် အုပ်စုလိုက်စစ်ဆင်ရေးများအတွက် အကောင်းဆုံးဖြစ်အောင် ပြုလုပ်ထားမည်ဖြစ်ပြီး တပ်ဖွဲ့ငယ်အဆင့် မှ တိုင်း၊ တပ်မဌာနချုပ်အဆင့် ပူးပေါင်းဒရုန်းစစ်ဆင်ရေးများ ဆောင်ရွက်မှုအဆင့်ထိ တိုက်ခိုက်ရေး၏အဆင့်တိုင်းတွင် တပ်ဖြန့်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Defense Alert: U.S. Government Prioritizes Locally-Made Drone Production to Address Future Combat Needs ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၆၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၆၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်း ဧက ၁၄၀၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၆၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေကပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)




# မြဝတီမြို့နယ် ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မြဝတီ ဇူလိုင် ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ငွေစာရင်းပုံစံများ မှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ငါးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးခေါင်းပွပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ငါးခေါင်းပွငါးတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ဇွန်လ ပထမပတ်လောက်ကနေ ငါးခေါင်းပွငါးတွေ တင်ပို့အားကောင်းလာပါတယ်။ ဒေသဈေးကွက်မှာကို ငါးခေါင်းပွငါးက ဝယ်ယူမှုများနေလို့ ရောင်းအားကောင်းနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလကထက် ဇွန်လအတွင်း ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးများနေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် စက်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ကော့မှူး ဇူလိုင် ၁၄**


ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထို့နောက်မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ်တိုးချဲ့ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေ့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့(Fund RC–Investments)၏ ညွှန်ကြားရေးမှူး Alexander Sergeevich Shatirov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ်တိုးချဲ့ရေး၊ရေ့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး၊ အရည်အသွေးကောင်းမွန်သော သဘာဝမြေဩဇာများတင်သွင်းရေး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုများမြှင့်တင်ဆောင်ရွက်ရေး၊ ငလျင်ဒဏ်ခံနိုင်သောဆောက်လုပ်ရေးနည်းပညာများမျှဝေရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ–ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအစည်းအဝေးကျင်းပ




**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ–ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေး ကော်မတီ၏ (၂/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာအစိုးရ–ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများ၊သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ငလျင်ဒဏ်ကြောင့် ရုံးများ၊ လူနေအိမ်အဆောက်အအုံများ၊ လမ်းများ၊ တံတားများပြိုကျခဲ့ရပြီး အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းကြီးများ ထိခိုက်ပျက်စီးခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြီးခဲ့သည့် မေလက ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကို ကျင်းပခဲ့ကြကြောင်း၊ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်လာနိုင်ရန် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ယူ ပံ့ပိုးဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ဆောင်ရွက်ရန်ရွေးချယ်ထားသော ကဏ္ဍများအလိုက် လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ခြင်းနှင့်အတူ ကဏ္ဍများအတွင်းရှိ MSME လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပံ့ပိုးပေးသွားရန်ဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀–၂၀၂၅) အကောင်အထည်ဖော်မှုကာလပြီးဆုံးတော့မည်ဖြစ်သည့်အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၆–၂၀၃၀)ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးကြုံတွေ့ရမှုများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပို့ကုန်တိုးမြှင့်တင်ပို့ရေးကို ဆက်လက်မြှင့်တင် ဆောင်ရွက်ကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများအပေါ် လိုအပ်သလို ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ–ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ကော်မတီ၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ–ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အဆိုပါပွဲစဉ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များက တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အသက် ၁၈ နှစ်အောက်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၅ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **STA**







# ဝန်ကြီးဌာနများ၌ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ်ရှိ မင်္ဂလာကန်၌ကျင်းပရာ ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊အရာထမ်း၊အမှုထမ်း များတက်ရောက်ကြပြီး မင်္ဂလာကန်အတွင်း သို့ ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးသော ကြီးထွားနှုန်းမြန်ဆန်သည့် ငါးခုံးမနှင့် ငါးမြစ်ချင်းသားပေါက်အကောင် ၂၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြသည်။

အလားတူ စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီး ဌာန ရုံးအမှတ်(၃၀) ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အရာထမ်း၊အမှုထမ်းများတက်ရောက်ကြ ပြီး လျှိုပိတ်ဆည်အတွင်းသို့ နှစ်လက်မ အရွယ်ငါးမြစ်ချင်း၊ ငါးကျည်း၊ ထိုင်းငါးခုံးမ စသည့်ငါးသားပေါက်အကောင် ၁၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့် ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပရဝဏ်အတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ငါးလုပ်ငန်း ဦးစီးဌာနက ပံ့ပိုးသည့်ငါးမြစ်ချင်းသားပေါက် အကောင် ၅၀၀၀ ကို စိုက်ထည့်ပေး ခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့် ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပရဝဏ် အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးပေးသော ငါးမြစ်ချင်းငါးသားပေါက် အကောင် ၁၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင်စက်သုံးဆီနှင့် ကုန်စည်များဖြတ်သန်းသယ်ဆောင်မှု မရှိစေရေးနှင့်စပ်လျဉ်း၍ စိစစ်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

တရားမဝင်စက်သုံးဆီနှင့်ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှု မရှိစေရေးနှင့် စပ်လျဉ်း၍ စိစစ်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်း အဝေးခန်းမတွင်ကျင်းပသည်။

အဆိုပါအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာ စကားပြောကြားရာတွင် မြို့ဝင်မြို့ထွက် စစ်ဆေးရေးဂိတ်များမှ တရားမဝင်စက်သုံး ဆီနှင့်ကုန်စည်များဖြတ်သန်းသယ်ဆောင်မှု မရှိစေရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချော မွေ့စေရေး အလေးထားဆောင်ရွက်နေပါ ကြောင်း၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ် များချောမွေ့စေရန် စိစစ်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် လုပ်ငန်းများကို လုံခြုံရေးသတိ၊လုံခြုံရေးအသိတို့ဖြင့်ထိရောက် အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ် ပါကြောင်း၊ ရွှေဝတီတံတား(ရတနာပုံ) မြစ်ကူးတံတား(မန္တလေး) ဖြတ်သန်းသွား လာမည့်ယာဉ်များကို စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်ကြောကျပ်တည်း ခြင်းမဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ အခက်အခဲများမရှိစေရန်အတွက် ၁၅ တန် နှင့်အထက်ကုန်တင်ယာဉ်များမှာ အမရပူရ မြို့နယ်ရှိ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ် ရပ်နားစခန်း(စွယ်တော်ကားကွင်း)ရှိစစ်ဆေး ရေးစခန်းနှင့် ၁၅ တန်အောက်ကုန်တင်ယာဉ် များ၊ ခရီးသွားယာဉ်များနှင့် ကိုယ်ပိုင်ယာဉ် များမှာ ရွှေဝတီတံတား(ရတနာပုံ)မြစ်ကူး တံတား(မန္တလေး) စစ်ဆေးရေးဂိတ်အနီးရှိ စစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးမှုခံယူ ၍ ဖြတ်သန်းသွားလာခွင့်ပြုပေးသွားမည်ဖြစ် ပါကြောင်း၊ တံတားရေရှည်ကြံ့ခိုင်ရန်အတွက် ၁၅ တန်နှင့်အထက် ကုန်တင်ယာဉ်များမှာ မန္တလေး(ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ပုဂ္ဂလိကပိုင် ရေယာဉ်တွဲရေယာဉ်များဖြင့်ဖြတ်သန်းသွား လာကြရမည်ဖြစ်ပါကြောင်း၊ထုတ်ပြန်ထား သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကာ အဂတိလိုက်စားမှု များ မဖြစ်ပေါ်လာစေရေးကိုလည်းအထူး ကြပ်မတ်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီးက တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များဖြတ်သန်းသယ် ဆောင်မှုမရှိစေရေးနှင့်စပ်လျဉ်း၍ လုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး စိစစ်ရေးလုပ်ငန်း အဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူ များက ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ **မျိုးကျော်**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယား သမ္မတ နိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိ အစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက် ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ် သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ် ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန



# အခွင့်အရေးနှင့် တာဝန်

လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ အခွင့်အရေးတွေ ပိုရတာတွေလည်းရှိမယ်။ အခွင့်အရေးတွေ ပိုရသလိုပဲ တာဝန်တွေလည်း ပိုလာလိမ့်မယ်။ ဘယ်လိုတာဝန်တွေပိုလာမလဲဆိုလျှင် ဒီတိုင်းပြည်ကို အင်္ဂလိပ်တို့အုပ်ချုပ်နေတုန်းက ဒီမြန်မာပြည်ကို ကာကွယ်ဖို့တာဝန်ဟာ အင်္ဂလိပ်ရဲ့တာဝန်သာဖြစ်တယ်။ သို့သော်လည်း ဒီမြန်မာပြည်ကို ကျုပ်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ကျုပ်တို့မြန်မာတွေကသာလျှင် မြန်မာပြည်ကို ကာကွယ်ရမယ့်တာဝန်ဟာ အဓိကဖြစ်တယ်။ ဒီတော့ အရင်တုန်းကလို ခင်ဗျားတို့ အေးအေးဆေးဆေးနေလို့မဖြစ်တော့ဘူး။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်











**တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။**

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ဒီသင်တန်းမှာ သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို တိုင်းပြည်ရဲ့ တစ်စိတ်တစ်နေရာမှာ အသုံးချသွားမယ်လို့ ခံယူထားပါတယ်။ အပြင်လောကထက် စာလို့ရှိရင် ဒီထဲမှာ စည်းကမ်းတွေလည်း အများကြီးရှိတယ်။ ပြီးတော့ စစ်ပညာတွေလည်း အများကြီးရပါတယ်။ လူတိုင်းမလုပ်နိုင်တဲ့ စစ်သားဖြစ်တော့မှာဆိုတော့ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

"ပြည်သူ့စစ်မှုထမ်းကို ကိုယ့်ရဲ့စိတ်ဆန္ဒနဲ့ ကိုယ်ကိုယ်တိုင်တာဝန်ထမ်းဆောင်ချင်လို့ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ တာဝန်ထမ်းဆောင်ရတော့မယ်ဆိုတော့ စိတ်ထဲမှာလည်း ပျော်ပါတယ်။ ပြည်သူတွေအတွက် အသက်စွန့်ပြီးတော့ ကာကွယ်ရမယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အပြင်မှာနေသလို အရပ်သားမဟုတ်တော့ဘဲ ကိုယ့်နိုင်ငံသားကို ကိုယ်ပြန်စောင့်ရှောက်ရမယ့် သူ့ရဲကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ်ခံယူမိပါတယ်"ဟု ပြောသည်။ (၅၀၁)





**ရှေ့ဖုံးမှအဆက်**

သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

# (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်မှ မြန်မာနိုင်ငံသို့ယူဆောင်လာမည့် စီးပွားရေးအကျိုးကျေးဇူးများ

**အေးကျော်(ရူပဗေဒ)**

လောက၌ မိမိအကျိုးစီးပွားလိုလားသူကိုသာလျှင် **"မိတ်ဆွေ"** ဟု ခေါ်ဆိုထိုက်သည်ဖြစ်ရာ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ နိုင်ငံများအနေဖြင့်လည်းကောင်း မိမိတို့၏အကျိုးစီးပွားကိုဖြစ်ထွန်းစေနိုင်မည့် မိတ်သင်္ဂဟကိုရှာမှီးမှသာ ကောင်းကျိုးဖြစ်ထွန်းကြီးပွားနိုင်မည်ဖြစ်သည်။ **"အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေဟူ၍မရှိ၊ အမြဲတမ်းအကျိုးစီးပွားသာရှိသည်"**ဟူသောစကားရှိနေသော်လည်း နှစ်ဦးနှစ်ဖက်လုံးကောင်းကျိုးဒွန်တွဲ ဖြစ်ထွန်းအောင်သစ္စာ၊ ဉာဏ်ပညာ၊ မုဒိတာတရားများဖြင့် ထိန်းသိမ်းကာ ဆောင်ရွက်နိုင်ကြလျှင် မိတ်သင်္ဂဟတို့အကြားတွင် မင်္ဂလာတရားများနှင့် ပြည့်စုံနေမည်သာဖြစ်သည်။

ဗဟုဝင်ရိုးဆီဦးတည်သောကမ္ဘာကြီးတွင် ဩဇာလွှမ်းမိုးမှု ပါဝါဟန်ချက်သည် ယခင်ကကဲ့သို့ တစ်ဖက်စောင်းနင်းမဖြစ်တော့ပေ။ နိုင်ငံများအနေဖြင့်လည်း မိမိနိုင်ငံပထဝီအနေအထား၊ မိမိနိုင်ငံသယံဇာတ၊ မိမိနိုင်ငံ အဓိကကျောရိုးစီးပွားရေးတို့နှင့် လိုက်လျောညီထွေသည့် မိတ်ဖက်နိုင်ငံများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများတွင် ပါဝင်လာကြသည်။ သို့မှသာလျှင် အင်အားကြီးနိုင်ငံများ၏ ဘက်စုံစစ်ပွဲအသွင်ကျူးကျော်မှုများကို ကြံ့ကြံ့ခံကာကွယ်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက်တမ်း ကောင်းမွန်သောဆက်ဆံရေးမူဝါဒဖြစ်သည့် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို လက်ကိုင်ကျင့်သုံးရပ်တည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ကြီးပွားတိုးတက်မှုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ တည်ငြိမ်အေးချမ်းရေး၊ အုပ်ချုပ်သူအစိုးရ၏ခေါင်းဆောင်မှုနှင့် နိုင်ငံသားများ၏ ပူးပေါင်းပါဝင်မှုစသည့်အချက်များ ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ဖို့လိုသလို ကဏ္ဍပေါင်းစုံတွင် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်မှုသည်လည်း အရေးကြီးသည်။ မိမိနိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် မိတ်ကောင်းသဖွယ်ဖြစ်သော မိတ်ဖက်နိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးသော မဟာမိတ်ဆက်ဆံရေးများ တည်ဆောက်ထားခြင်းအားဖြင့် မိမိနိုင်ငံအတွက် မိတ္တဗလနှင့်ပြည့်စုံစေကာ အကျိုးစီးပွားဖော်ဆောင်နိုင်စွမ်းကို တိုးတက်ကာမြင့်မားလာစေသည်။

**(၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ထိုမှတစ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ**

မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အကျိုးစီးပွားကိုမျှော်ရည်၍ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ထိုအထဲကမှ မကြာသေးမီကကျင်းပပြီးစီးခဲ့သည့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအချို့ကို ထုတ်နုတ်တင်ပြလိုသည်။

**ကုန်သွယ်မှုပမာဏ သုံးဆတိုးလာခြင်းသည် မြန်မာနိုင်ငံနှင့် EAEU အဖွဲ့အစည်းကြား စီးပွားရေးဆိုင်ရာဆက်ဆံမှု ပိုမိုခိုင်မာလာသည့်သက်သေပင်ဖြစ်သည်။ EAEU ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံမှ MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများဖြစ်သည့် အလုပ်သင်များစေလွှတ်နိုင်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာလေ့ကျင့်ရေးသင်တန်းများစေလွှတ်ခြင်း၊ ကုန်သွယ်ရေးဈေးကွက်အတွက် မိမိနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်များနှင့်ကိုက်ညီသော နိုင်ငံသစ်များတိုးလာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။**









မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆွေးနွေးမှုအစီအစဉ်တစ်ခု၌ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maksim Reshetnikov သည် မြန်မာနိုင်ငံနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တစ်ခုဖြစ်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်အဓိကနယ်ပယ်မှာ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်သည်ဟု နိုင်ငံတကာသတင်းများတွင်ဖော်ပြထားသည်ကိုတွေ့ရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အဦ၊ သတ္တု၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍများအပါအဝင်အခြားနယ်ပယ်များပူးပေါင်းဆောင်ရွက်မှုတွင်လည်း လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

အထက်ပါစာချုပ်ချုပ်ဆိုပြီး အသက်ဝင်ပြီဆိုပါက မြန်မာနိုင်ငံအနေဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတိုးမြင့်လာကာ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် ကမ္ဘာ့ဈေးကွက်သို့တက်လှမ်းနိုင်မည့် အခွင့်အလမ်းကိုချိတ်ဆက်နိုင်မည်ဖြစ်ကာ နိုင်ငံခြားသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပြည်တွင်းသို့စီးဆင်းမှုတိုးလာမည်ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရုရှားမှနည်းပညာနှင့်လုပ်ငန်းဆောင်ရွက်မှုများကို ရရှိပြီး ပြည်တွင်းလုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှုအရည်အချင်းများလည်း တိုးတက်လာနိုင်သည်။ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းနှင့် သက်ဆိုင်သော အခြေခံအဆောက်အဦများလည်း တိုးလာနိုင်သည်။ စိုက်ပျိုးရေးကဏ္ဍနှင့် သတ္တုတူးဖော်ရေးကဏ္ဍတွင်လည်း နည်းပညာအကူအညီရယူကာ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

(၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးအဖြစ်ကျင်းပသော ဥရောပ-အာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆွေးနွေးခြင်းဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏမှာ သုံးဆတိုးလာကြောင်း ဥရောပ-အာရှစီးပွားရေးကော်မရှင် မေခရို(အကြီးစား)စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr.Eldar Alisherov က ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်မှုများအရသိရှိရသည်။

ကုန်သွယ်မှုပမာဏ သုံးဆတိုးလာခြင်းသည် မြန်မာနိုင်ငံနှင့် EAEU အဖွဲ့အစည်းကြား စီးပွားရေးဆိုင်ရာဆက်ဆံမှု ပိုမိုခိုင်မာလာသည့်သက်သေပင်ဖြစ်သည်။ EAEU ၏ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံမှ MSMEလုပ်ငန်းများနိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုများဖြစ်သည့် အလုပ်သင်များစေလွှတ်နိုင်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာလေ့ကျင့်ရေးသင်တန်းများစေလွှတ်ခြင်း၊ ကုန်သွယ်ရေးဈေးကွက်အတွက်မိမိနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်များနှင့်ကိုက်ညီသော နိုင်ငံသစ်များတိုးလာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

စိန့်ပီတာစဘတ် စီးပွားရေးလုပ်ငန်း/အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုတွင် ဆေးဝါး၊ ဆောက်လုပ်ရေးနှင့် မြန်မာနိုင်ငံသို့မြေသြဇာတင်ပို့ခြင်း စသည့်နယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အလားအလာကောင်းများ ရှိကြောင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွေ့အကြုံများကိုမျှဝေရန်နှင့် ကုန်စည်နှင့်အခြားဝန်ဆောင်မှုများကို ကမ်းလှမ်းရန်စီစဉ်နေကြောင်း၊ နှစ်နိုင်ငံအကြားအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် လာမည့် နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပမည့် BRICS အဖွဲ့ဝင်များ၏ သတ္တမအကြိမ် နိုင်ငံတကာမြူနီစပယ်ဖိုရမ်သို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားကြောင်းတို့ကို စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr.Vyacheslav Kalganov က ပြောကြားခဲ့သည်။

ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း ရုရှားနိုင်ငံမှ ဆေးဝါးဆိုင်ရာ အဆင့်မြင့်နည်းပညာများကို မြန်မာနိုင်ငံတွင် ပူးပေါင်းအကောင်အထည်ဖော်နိုင်ခြင်း၊ ဆေးရုံနှင့်ဆေးသုတေသနစင်တာများ ဆောက်လုပ်ရန်အတွက် ရုရှားနိုင်ငံမှ အတွေ့အကြုံနှင့်နည်းပညာအကူအညီများ၊ ခေတ်မီအဆောက်အအုံဆောက်လုပ်မှုနည်းပညာများ၊ မိမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော မြေသြဇာထုတ်လုပ်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာများ၊ စက်မှုလယ်ယာနည်းပညာများကိုရရှိနိုင်သည်။ BRICS ဖိုရမ်သို့ ဖိတ်ကြားခြင်းခံရသည့်အတွက် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် တိုက်ရိုက်ကုန်သွယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စွမ်းအင်ဖူလုံရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ကဏ္ဍစုံအတွက် နည်းပညာပံ့ပိုးမှုလမ်းစများ ပွင့်လန်းလာမည်ဖြစ်သည်။

နောက်ထပ်ဝမ်းသာစရာသတင်းတစ်ခုမှာ မြန်မာ၊ ဂျော်ဒန်နှင့်ဘာရိန်းနိုင်ငံတို့ကို ၂၀၂၅ ခုနှစ်တွင် ဗီဇာလိုအပ်ချက်ဖျက်သိမ်းရန်စီစဉ်နေကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အထူးစီမံကိန်းများဌာန ညွှန်ကြားရေးမှူးချုပ် Mr.Nikita Kondratyev က ရုရှားမီဒီယာတစ်ခုဖြစ်သည့် TASS နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့်သတင်းဖြစ်သည်။



ဗီဇာလိုအပ်ချက်ဖျက်သိမ်းခဲ့လျှင် ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်း အနည်းငယ်ပြောပြလိုသည်။ ဗီဇာလိုအပ်ချက်စည်းမျဉ်းများလျော့နည်းသွားသည့်အတွက် ခရီးသွားဧည့်သည်များတိုးလာကာခရီးသွားလုပ်ငန်း၊ဟိုတယ်၊လေကြောင်းလုပ်ငန်းများတွင်လည်း အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာလျှင် ခရီးသွားဧည့်သည်များဆီမှဝင်ငွေကြောင့်ဒေသတွင်းစီးပွားရေးတိုးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာမည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းတွင်လည်း နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်ဗီဇာအဟန့်အတားကင်းမှုကြောင့်ဆောင်ရွက်နေသည့်လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့နိုင်သည်။ ယဉ်ကျေးမှုဖလှယ်ခြင်းကိစ္စများနှင့် ရုရှားနိုင်ငံရှိ တက္ကသိုလ်များသို့ ပညာတော်သင်စေလွှတ်ခြင်းကိစ္စများတွင်ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်သည်။ ဗီဇာဖျက်သိမ်းခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်စေမည်ဖြစ်သည်။



အထက်ပါအကြောင်းအရာများသည် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများစွာထဲမှတစ်ခုဖြစ်သော (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရရှိမည့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို လူတိုင်းနားလည်လွယ်အောင် အကြမ်းဖျင်းသုံးသပ်ဖော်ပြထားခြင်းဖြစ်သည်။

**စီးပွားရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါပုံ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသည် အဓိကအရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။စီးပွားရေးတောင့်တင်းခိုင်မာပါက ကုန်သွယ်ရေးပိတ်ဆို့မှုဒဏ်၊ စီးပွားရေးကျဆင်းမှုဒဏ်၊ ကမ္ဘာ့ကပ်ရောဂါများကြောင့်ဖြစ်ပေါ်သောစီးပွားရေးကျပ်တည်းမှုဒဏ်များကို ခံနိုင်ရည်ရှိပြီး ပြည်တွင်းစီးပွားရေးကို ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။ ပြည်တွင်းလူမှုစီးပွားဘဝမြင့်မားမှုကြောင့် နိုင်ငံသားတိုင်း၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေပြီး အလုပ်လက်မဲ့နှုန်းလျော့ကျစေသည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့်နိုင်ငံများအတွက် မိမိနိုင်ငံ၏တည်ငြိမ်သောစီးပွားရေးအခြေအနေသည် စိတ်ချယုံကြည်မှုကို တိုးစေသည်။ နိုင်ငံတကာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးသဘောတူညီချက်များတွင်လည်း မိမိနိုင်ငံ၏စီးပွားရေးအခြေအနေများကြောင့် လွယ်ကူမြန်ဆန်ကာ အခွင့်အလမ်းများ တစ်ခုပေါ်တစ်ခုဆင့်ပေါ်ပေါက်လာနိုင်ပေသည်။ စီးပွားရေးတောင့်တင်းခိုင်မာခြင်းသည် မိမိနိုင်ငံ၏ နိုင်ငံရေးနှင့် ကာကွယ်ရေးကဏ္ဍတို့တွင်ပါ တိုက်ရိုက်အချိုးကြမည်ဖြစ်သည်။

အနှစ်ချုပ်ရသော်စီးပွားရေးတောင့်တင်းခိုင်မာမှုနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်ဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံအကျိုးစီးပွား အရှိန်အဟုန်ဖြင့်တိုးမြင့်စေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မိတ်ဖက်နိုင်ငံများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**


https://www.reuters.com/business/energy/russia-signs-investment-deal-with-myanmar-sees-offshore-oil-gas-prospects-2025-06-20/

https://tass.com/economy/1977721

https://eec.eaeunion.org/en/news/eldar-alisherov-nash-dialog-prizvan-sodeystvovat-dalneyshemu-rostu-tovarooborota-stran-eaes-i-myanmy/

https://en.iz.ru/en/1908962/2025-06-23/russia-plans-cancel-visas-three-countries-2025


## ဇူလိုင် ၆ ရက်မှ ၁၃ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက် ည ၈ နာရီမှ ၁၃ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၃၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလသုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၊ ဆွမ်းဦးပုညရှင်စေတီတော်၊ ရတနာစေတီဆင်များရှင်စေတီ၊ ထူပါရုံစေတီတော်နှင့် မဟာစေတီတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေသည့် အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ ရတနာဒီပံချောင်ကျောင်းတိုက်၊ ပထမဂန္ဓာရုံကျောင်းတိုက်နှင့် ရွှေစေတီကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေတို့ကိုလည်းကောင်း၊ စိန်ကုန်ရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရွှေစေတီကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကာရုဏိကနှင့် ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးဆေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သိမ်ကျောင်းအား တပ်မတော်သားများက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ အာနန္ဒာမြတ်စွာဘုရားအတွင်း စေတီတော် အထက်ပိုင်းရှိ အပျက်အစီးများ ဖယ်ရှား



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးတိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သိမ်ကျောင်းအား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်ကြသူများကို စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့ သွားရောက်၍ ရှင်းလင်းရန်ကျန်ရှိနေသည့်“A”ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများအား လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးများကို စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ နေ့စဉ် အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ၃၁ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ် ၃၁ကြိမ်မြောက် ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၁၄

၂၀၂၅ ခုနှစ် ၃၁ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက် တံခွန်စိုက် ဖလားဆုရရှိသည့် အသင်းကို ဆုဖလား ပေးအပ် ချီးမြှင့်စဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၁၄

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့် ပဲခူးတပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကိုသတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက်PDFအဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၆-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် နေ့အပူချိန်များ

(၁၄-၇-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | မြင်းမူ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | ရမည်းသင်း | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဇူလိုင် ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# သားသမီးများအတွက် စံပြုထိုက်သူဖြစ်ပါစေ

**မောင်လွှား(ဝမ်းတွင်း)**

တစ်နေ့က ကျွန်တော်ဖွင့်ပေးထားသော အသံချဲ့စက်ရှေ့တွင် သားဖြစ်သူက ကလေးတစ်သိုက်နှင့်အတူ လက်ကိုမြှောက် ခါးကိုရမ်းကာ အခြားကလေးများကဲ့သို့ လိုက်၍ကနေသည်။ သားဖြစ်သူကိုကြည့်ကာ အံ့သြဝမ်းသာမဆုံးဖြစ်နေသူက ကျွန်တော့်အမျိုးသမီးပင်ဖြစ်သည်။ ထို့ပြင် တစ်နှစ်နှင့် ခုနစ်လအရွယ်ရှိသော သားဖြစ်သူက "မန်မန်မန်မန်"ဟုဆိုကာ သဲများထည့်ထားသော ခွက်ငယ်ကိုကိုင်၍ ပါးစပ်ကလည်း တလှုပ်လှုပ်နှင့်လုပ်ပြကာ ခွက်ထဲမှသဲများကိုနှိုက်ယူ၍သူ့ကိုလာကျွေးကြောင်း ကျွန်တော့်ကို အားရဝမ်းသာပြောသည်။ ထိုအရာများကိုကြည့်၍ ကြည်နူးဝမ်းသာနေသည်က ကျွန်တော့်အမျိုးသမီးပင်ဖြစ်သည်။ ထိုသို့ မိဘများမသင်ပေးဘဲ တတ်မြောက်လာခြင်းသည် ကလေးအချင်းချင်းကစားရင်း သဘာဝအလျောက်သင်ယူသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သားသမီးများကို လွတ်လပ်စွာကစား စေသင့်သည်။ "ဟိုလို မဆော့ရဘူး။ ဒီလိုမဆော့ရဘူး"ဟု ပိတ်ပင်တားဆီးခြင်းများမပြုလုပ်ဘဲ လွတ်လပ်စွာကစားစေခြင်းဖြင့် သင်ယူစေသင့်သည်။ သို့သော် သားသမီးများ ဘေးအန္တရာယ်မကျရောက်စေရန် ဂရုစိုက်ကြရမည်။ ဤသို့ဆိုလျှင် မိဘများသည် သားသမီးများ၏ လက်ဦးဆရာဖြစ်သည်ဟုဆိုလျှင် ပတ်ဝန်းကျင်သည်လည်း ကလေးများ၏ ဆရာဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ ကလေးများ၏ အနီးအနားတွင် လူကြီးမိဘများက နေ့စဉ်ပြုလုပ်ကြသော အပြုအမူအနေအထိုင် အပြောအဆိုများသည် သားသမီးဖြစ်သူများအတွက် အလွန်အရေးကြီးပါသည်။

အသိဉာဏ်ပညာမကြွယ်ဝသေးသော ကျွန်တော်တို့ငယ်ရွယ်စဉ်ကလည်း လူကြီးမိဘများ၏ အပြောအဆို အပြုအမူအနေအထိုင်များကို မှားသည်၊ မှန်သည်၊ ယဉ်ကျေးသည်၊ ရိုင်းသည် ဟူ၍ခွဲခြားနိုင်စွမ်းမရှိဘဲ အတုခိုးကာ လုပ်ဆောင်ခဲ့ကြသည်။ လူကြီးများ အရက်ဝိုင်းဖွဲ့သောက်သည်ကို ကြည့်၍ အရက်သောက်တမ်း ကစားကြသည်။ "နင်က အစ်မကြီးလုပ်၊ ငါကမောင်လေးလုပ်မယ်"ဟုဆိုကာ သူငယ်ချင်းများစုဖွဲ့၍ ထမင်းဟင်းချက်တမ်း ကစားခဲ့ကြသည်။ ဈေးဝယ်တမ်း ကစားခဲ့ကြသည်။ လူကြီးများ ချဲထီထိုး၊ ချဲထီရောင်းသည်များကို ကြည့်၍ ချဲထီထိုးတမ်း၊ ချဲထီရောင်းတမ်းများပါ အတုခိုး၍ ဆော့ကစားခဲ့ကြဖူးသည်။ အရွယ်ရောက်လာသောအခါတွင်လည်း ဆိုင်ကယ်ကို အသံအကျယ်ဆုံးမြည်အောင် မောင်းခဲ့ကြဖူးသည်။ ထိုအရာများသည် မှားသည်၊ မှန်သည်၊ ယဉ်ကျေးသည်၊ ရိုင်းစိုင်းသည်များကို ခွဲခြားနိုင်စွမ်းမရှိသောအရွယ်က လူကြီးများလုပ်ဆောင်သည်ကို အတုခိုးလုပ်ဆောင်ခဲ့ကြသော အရာများဖြစ်သည်။ လူကြီးမိဘများ၏ ကောင်းသောအရာများကို သားသမီးဖြစ်သူများက လိုက်၍ပြုလုပ်ခြင်းသည် အလွန်ကောင်းမွန်သော်လည်း မကောင်းသောအရာများကို အတုခိုးယူ၍ လုပ်ဆောင်လာလျှင် ထိုအလုပ်များကြောင့် သားသမီးဖြစ်သူများ လမ်းမှားသို့ရောက်သွားစေနိုင်သည်။

**❖ သားသမီးဖြစ်သူများအတွက် လူကြီးမိဘများ၏အပြောအဆို အပြုအမူအနေအထိုင်များသည် အလွန်ပင်အရေးကြီးလှပါသည်။ လူကြီးမိဘများသည် သားသမီးများကို လိမ္မာယဉ်ကျေးသော လူတော်လူကောင်းများဖြစ်လာစေရန် အကောင်းဆုံးပြုစုပျိုးထောင်ပေးရုံသာမက လူကြီးမိဘများကိုယ်တိုင်လည်း သားသမီးများအတွက် စံပြုထိုက်သူဖြစ်စေရန် အနေအထိုင်အပြောအဆိုအပြုအမူများလည်း ယဉ်ကျေးရန်၊ ရိုးသားရန်လိုသည်။ ထို့ပြင် မိမိတို့၏ သားသမီးများကို ယဉ်ကျေးသူဖြစ်အောင် ဆုံးမသွန်သင်ကြရမည်။❖**

ထိုကဲ့သို့ သားသမီးများ၏ အတုမြင်အတတ်သင်သောအချိန်တွင် သားသမီးများ၏ရှေ့၌ လူကြီးမိဘများ ပြောဆိုပြုမူနေထိုင်လုပ်ကိုင်ခြင်းများကို အထူးသတိပြုသင့်ပါသည်။

ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တွင် အမြဲလိုလို မြင်တွေ့ကြားသိနေရသည်။ အဖေဖြစ်သူက နွားလှည်းမောင်းရင်း အသွားနှေးသောနွားကို နှင်တံဖြင့် ရိုက်ကာ ပါးစပ်မှ ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းသည်။ နွားလှည်းပေါ်တွင်ပါလာသော သားသမီးက ဖခင်ကဲ့သို့ လိုက်၍လုပ်ဆောင်သည်။ စကားပြောတတ်ခါစ ကလေးဖြစ်သူက မပီသသော အသံဖြင့် ဆဲဆိုသည်ကို မတားဆီးသူက လူကြီးမိဘများပင်ဖြစ်သည်။ စကားပြောတတ်ခါစ သားသမီးဖြစ်သူကို စကားသင်ပေးလျှင်လည်း ကောင်းသော စကားလုံးများကိုသာ အသုံးပြုသင့်သည်။ မိဘများ ပြောဆိုပြုမူသကဲ့သို့ သားသမီးဖြစ်သူများက လိုက်၍ပြောဆိုပြုမူလုပ်ဆောင်ကြသည်ကို သတိပြုကြရမည်ဖြစ်သည်။

အချို့သောမိဘများကမူ မိမိတို့၏သားသမီးများကို ကျောင်းနားရက်များတွင် လက်တိုလက်တောင်းများ ခိုင်းကြသည်။ ထိုသို့ သားသမီးများကို ၎င်းတို့နှင့်သင့်လျော်သော၊ ၎င်းတို့လုပ်ဆောင်နိုင်သော အလုပ်များကိုခိုင်းခြင်းသည် အလွန်ကောင်းမွန်သော်လည်း သားသမီးများအား အတုယူမှားစေသော အရာများကိုမှ မခိုင်းစေသင့်ပေ။ ထို့အတူ အချို့သော မိဘများသည်လည်း အချင်းချင်း စိတ်အခန့်မသင့်သည့်အခါ ခိုက်ရန်ဖြစ်ပွားလေ့ရှိကြသည်။ ဒေါသအလျောက် သားသမီးများ၏ရှေ့တွင် ကြမ်းတမ်းစွာပြောဆို၍ရိုက်ပုတ်မိတတ်ကြသည်။ ထိုအခါ သားသမီးများတွက် စိတ်ထိခိုက်ခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ မိသားစုဆက်ဆံရေး အဆင်မပြေသော မိသားစုမှကြီးပြင်လာကြသော သားသမီးများတွင် ရိုင်းစိုင်းကြမ်းတမ်းမှုများ ပါလာတတ်ကြသည်။ ထို့ကြောင့် မိဘများသည် သားသမီးများရှေ့တွင် သာမက ကွယ်ရာတွင်လည်း ပြဿနာများကို သေချာသုံးသပ်ကာ ပြေလည်အောင်ဖြေရှင်း၍ ခိုက်ရန်ဖြစ်ပွားခြင်းများကို ရှောင်ကြဉ်ကြရမည်။

လူကြီးမိဘများသည် သားသမီးများ၏ အတုမြင်အတတ်သင်တတ်သော အချိန်တွင် သားသမီးများ၏ရှေ့မှောက်တွင် ခိုက်ရန်ဖြစ်ပွားကာ ကြမ်းတမ်းသောစကားလုံးများအသုံးပြုခြင်း၊ သားသမီးများကို အတုယူမှားစေနိုင်သော အလုပ်များ ခိုင်းစေခြင်းများကို ရှောင်ရှားရန် အထူးလိုအပ်ပါသည်။ ထို့ပြင် သားသမီးများကို ပတ်ဝန်းကျင်မှ သင်ယူတတ်မြောက်လာသော စကားလုံးများ၊ အပြုအမူများကိုစိစစ်၍ မှားနေလျှင် အမှန်ပြင်ကာ တည့်မတ်ပေးကြရမည်။ ထို့အတူ အစ်ကိုအစ်မများ ကိုယ်တိုင်က မကောင်းသောအလုပ်များ ခိုင်းစေခြင်း၊ ကြမ်းတမ်းသောစကားများ ပြောဆိုခြင်းများ မပြုလုပ်ဘဲ ညီ၊ ညီမငယ်များကို လိမ္မာလာစေရန် စကားကို ယဉ်ကျေးချိုသာစွာပြောဆို၍ ဆုံးမကြရမည်။ ထိုသို့ပြောဆိုဆုံးမရာတွင် အထိရောက်ဆုံးနည်းမှာ ယဉ်ကျေးလိမ္မာ၍ ရိုးသားဖြောင့်မတ်ခြင်းသည် ကိုယ်စိတ်နှစ်ပါးလုံး၏ ချမ်းသာသုခကို ဆောင်နိုင်သည်။ ကလေးနှင့်သက်ဆိုင်သော ကဗျာလေးများရွတ်ဆိုပြခြင်း၊ ရွတ်ဆိုခိုင်းခြင်း၊ ကဗျာ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းပြခြင်းဖြင့် ပြောဆိုဆုံးမနိုင်သည်။ ထို့ပြင် ရိုင်းစိုင်းကြမ်းတမ်းသောသူသည်အရာရာတွင် အရေးနိမ့်နိုင်ကြောင်း၊ ယဉ်ကျေး လိမ္မာသောသူသည် အရာရာကိုအောင်နိုင်ကြောင်းနှင့် ပတ်သက်သောပုံပြင်များကို ရွေးချယ်ပြောဆို၍ ဆုံးမကြရမည်ဖြစ်သည်။

သားသမီးဖြစ်သူများအတွက် လူကြီးမိဘများ၏ အပြောအဆို အပြုအမူအနေအထိုင်များသည် အလွန်ပင်အရေးကြီးလှပါသည်။ လူကြီးမိဘများသည် သားသမီးများကို လိမ္မာယဉ်ကျေးသော လူတော်လူကောင်းများဖြစ်လာစေရန် အကောင်းဆုံးပြုစုပျိုးထောင်ပေးရုံသာမက လူကြီးမိဘများကိုယ်တိုင်လည်း သားသမီးများအတွက် စံပြုထိုက်သူဖြစ်စေရန် အနေအထိုင်အပြောအဆို အပြုအမူများလည်း ယဉ်ကျေးရန်၊ ရိုးသားရန်လိုသည်။ ထို့ပြင် မိမိတို့၏သားသမီးများကို ယဉ်ကျေးသူဖြစ်အောင် ဆုံးမသွန်သင်ကြရမည်။ သို့မှသာ သားသမီးများသည် ယဉ်ကျေးလိမ္မာသော လူတော်လူကောင်းများဖြစ်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၄၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၄၂၂၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၈၆ ဧကစိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံစုံ ဧက ၄၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ စားဖိုဆောင်သီးနှံစုံ ဧက ၄၈၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၄၂၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မျိုးစေ့နဲ့ဈေးကွက်ဝင်အသီးနှံတွေ၊ နည်းပညာတွေနဲ့အခြား ပံ့ပိုးမှုတွေကို မစိုက်မီစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေစိုက်ပျိုးရာမှာ ပိုးသတ်ဆေးတွေကိုစနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲမသုံးစွဲဖို့ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံစိုက်ပျိုးရာတွင် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲ စသည့်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံစုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

**ဝတ္ထုတိုကဏ္ဍ**

# နိဗ္ဗာန်ခရီးသို့ အတူတူ

## ကိုရွှေတောသား(ဆင်ကူး)



(၁)

''ကိုအောင်ကိုတို့ မိန်းမ ချစ်တတ်လိုက်ပုံများ သည်းသည်းကို လှုပ်နေတာပါလားကွယ်''

ဘေးချင်းကပ်အထည်ဆိုင်က ဒေါ်ကြော့မေ၏ ချီးမွမ်းစကားဖြစ်သည်။ နေ့လယ်ခင်း ထမင်းစားနား ချိန်ရောက်တိုင်း အထည်ဆိုင်ပိုင်ရှင် ဒေါ်ကြော့မေနှင့် ဆိုင်အကူဝန်ထမ်း ဒေါ်မှင်ပြာတို့က သူတို့လင်မယား ကို အကဲခတ်ရင်း ပြောနေကြသောစကားများဖြစ် သည်။ သည်အခါ ယောကျ်ားဖြစ်သူကို ပြုံးပြီး ကြည့်ကာ ကျေနပ်နေသူက ကိုအောင်ကို၏ဇနီး မစိမ်းလဲ့ညိုဖြစ်သည်။

"ကိုအောင် ကြားရဲ့လားတော့ ဟိုဘက်ဆိုင်ခန်း က အတင်းပြောသံတွေ"

"အို အဲဒါအတင်းပြောနေတာမဟုတ်ပါဘူးစိမ်း ရဲ့။ သတင်း၊ သတင်းပြောနေတာပါ။ ကိုအောင်က ဟောဒီက ချစ်ဇနီးလေးကို ဘယ်လောက်ထိချစ်တဲ့ အကြောင်း ပြောနေကြတာမဟုတ်လား"

ကိုအောင်ကိုကလည်း မြှောက်ပေးလျှင် ကြွက်တက်အောင်ကမည့်သူနှယ် ဝင့်ကြွားစွာ ပြန်ပြောသည်။

"ဟွန့် ကိုအောင်နော်၊ အဲဒီလိုပဲ တစ်သက်လုံး သည်းသည်းလှုပ်ချစ်တဲ့အချစ်မျိုး ဖြစ်နေရမယ်နော်။ နောက်တော့မှ အချိုးတွေပြောင်းမသွားနဲ့"

"ဘယ်သောအခါမှ မပြောင်းလဲပါဘူး စိမ်းရယ်။ ဟောဒီက ကိုအောင့်အချစ်က ဒီက ချစ်ဇနီးလေးစိမ်း အတွက် ဘယ်တော့မှ မပြောင်းလဲတဲ့အချစ် မျိုးပါကွယ်"

"အင်းပါ အင်းပါ၊ ရော့ ကိုအောင် ဟင်းများများ ထည့်စားပါတော့။ စိမ်း ဒီနေ့ ဟင်းတွေရှယ် ချက်ထားတာ"

သူတို့လင်မယား တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင် ချစ်ကြလေသည်။ ပတ်ဝန်းကျင်က အမြင်ကတ် ကြသည်ထိ သည်းသည်းလှုပ်ကာ အချစ်များ ပိုခဲ့ကြသည်။

"ဟီး အားကျဖို့ကောင်းလိုက်တာ တို့များကျတော့ လဲ ဖူးစာရေးနတ်က မေ့များမေ့နေသလား မှတ်ရ တယ်ကွယ်။ အခုချိန်ထိ တစ်ကိုယ်တည်းအပျိုကြီး။ ကျွတ်ကိုမကျွတ်နိုင်ဘူး။ ပြောရင်းဆိုရင်း ဒီနှစ်လဲ ဝါဝင်တော့မှာပါလား မမှင်ပြာရယ်"

ဒေါ်ကြော့မေက ဤသို့ဖြင့် ကြေကြေကွဲကွဲစကား ဆိုသည့်အခါ ဒေါ်မှင်ပြာမှာ အကြောင်သားငေးကြည့် နေပြန်သည်။ ခဏကြာမှ ဒေါ်ကြော့မေကို အားပေး နှစ်သိမ့်စကားဆိုရှာသည်။

"အမယ်လေး မမကြော့ရယ် ကိုအောင်ကိုတို့ လင်မယားကိုကြည့်ပြီး ကြည်နူးရတဲ့စိတ်နဲ့ လင်သား ယူချင်မိတာကိုတော့ ကျွန်မအပြစ်မမြင်ရက်ပါဘူး။ ဒါပေမဲ့ ဟောဒီက ကျွန်မအဖြစ်ကိုလဲ တွေးကြည့်ပြီး ဖြေသိမ့်နိုင်ပါတယ်ရှင် ဟင်း"

ပြောပြောဆိုဆို ဒေါ်မှင်ပြာက သက်ပြင်းချလိုက် သည်။ ဒေါ်မှင်ပြာပြောလည်းပြောချင်စရာပင်။ ယောကျ်ားရကံဆိုးရှာသည့် ဒေါ်မှင်ပြာအကြောင်းက စိတ်မချမ်းမြေ့ဖွယ်ရာရှိလှသည်။

"တစ်နေ့တစ်နေ့ အလုပ်ကို လက်ကြောတင်း တင်းမလုပ်တတ်သလောက် သောက်လိုက်တဲ့အရက်။ ဖဲဝိုင်းတကာ့ဖဲဝိုင်းလဲ သူမရောက်တာမရှိဘူး။ အချိန် မရှိမှအိမ်ပြန်လာ။ ဟော ပြီးတော့ ဒီဟင်းမစားချင်ဘူး၊ ဟိုဟင်းမစားချင်ဘူး ကြေးကများရသေး။ အဲဒီလို ကိုယ်တော်ချောက လူကသာ လက်ကြောမတင်းတာ အကောင်းက ကြိုက်လိုက်သေး"

"မမှင်ပြာရယ် ညည်းနဲ့ ကံဆိုးပါဘိအေ"

"လောကမှာ ကိုအောင်ကိုတို့လိုသာ ယောကျ်ား တွေများ မိန်းမတွေကိုချစ်တတ်ကြရင် ဘယ်လောက် ကောင်းလိုက်လေမလဲ"

ကြားနေရသည့်စကားများက စိတ်မသက်သာစွာ ရှိလှသည်။ ထိုအခါ မစိမ်းလဲ့ညိုက ယောကျ်ားဖြစ်သူ ကိုအောင်ကို့မျက်နှာကို ကြည်ကြည်ရွှန်းရွှန်း ငေးကြည့်နေတော့သည်။ ကိုအောင်ကိုတစ်ယောက် ထမင်းပန်းကန်ထဲ ခေါင်းစိုက်ခမန်း အားရပါးရ စားသောက်နေသည့်အတွက်လည်း သူ့မှာ မချက် တတ်ချက်တတ်ဖြင့် ချက်ပြုတ်ထားရသည့်ဟင်း တစ်ခွက်အတွက် ပင်ပန်းရကျိုးနပ်ခဲ့လေပြီ။

"ဟင် စိမ်း စားလေ။ ဘာဖြစ်လို့ ထမင်းမစားဘဲ ကိုအောင့်ကို ငေးကြည့်နေရတာလဲ"

"အို ကိုအောင် များများစားပါ။ စိမ်းက ကိုအောင် များများစားတာကိုကြည့်ပြီး ကျေနပ်နေမိတာတော့"

"စားကောင်းတယ် စိမ်းရဲ့ ငရုတ်သီးစပ်စပ် ကလေးနဲ့ အရသာတွေ့နေတာ"

မြို့သာယာမြို့မဈေးထဲတွင် ကိုအောင်ကိုနှင့် မစိမ်းလဲ့ညိုတို့၏ အထည်ဆိုင်ကလေးသည်လည်း အဝတ်အစားများစုံလင်စွာဖြင့် အရောင်း အဝယ်ကောင်းလှသည်။ သို့သော်လည်း ဆိုင်အကူ ဝန်ထမ်းမငှားကြဘဲ သူတို့လင်မယားနှစ်ယောက် တည်းနှင့် လက်မလည်အောင်ရောင်းချနေကြသည်။

(၂)

အဝတ်အစားစုံလင်လှပြီး ရောင်းအားကောင်းလှ သည့်အထည်ဆိုင်ကြီးတစ်ဆိုင်ဖြစ်သော်လည်း ဆိုင် အကူအရောင်းဝန်ထမ်းမငှားကြသည့် အကြောင်းရင်း က ရှိနေသည်။ ကိုအောင်ကိုနှင့် မစိမ်းလဲ့ညိုတို့၏ တစ်ယောက်ကိုတစ်ယောက် ငုံ့ထားမတတ်ချစ်ကြ သည့် အချစ်များကြောင့်ဖြစ်သည်။ မစိမ်းလဲ့ညိုက အရောင်းဝန်ထမ်းမိန်းကလေးများ ဆိုင်၌ရှိနေသည့် အခါ သူ့ယောကျ်ား ကိုအောင်ကိုနှင့် နည်းနည်းလေးမှ စိတ်မချပေ။ တစ်ခါက ဆိုင်အကူဝန်ထမ်းမိန်းကလေး တစ်ယောက်ရှိခဲ့ဖူးသည်။

"ဦးရေ သမီးရောင်းပေးတာ အဆင်ပြေရဲ့လား၊ မပြေရင်ပြောနော် ဦး"

နံနက်ခင်းတစ်ခုတွင် အရောင်းဝန်ထမ်း မိန်းကလေးက ချွဲချွဲပျစ်ပျစ်အသံကလေးဖြင့် ပြော လိုက်သည့်စကားကို မစိမ်းလဲ့ညို ကြားလိုက်ရသည်။ သူ့ရင်ထဲ တဒိတ်ဒိတ်ဖြစ်သွားရသည်။

"အင်း မဆိုးပါဘူး အဆင်ပြေပါတယ်။ ကြိုးစား ကြိုးစား"

ကိုအောင်ကိုက သည်လောက်ပင်ပြောကာ ကောင်တာစားပွဲတွင် ထိုင်နေသည်။

"ဦး သမီး ဝတ်ပုံစားပုံကော အဆင်ပြေရဲ့လား၊ ကြည့်ကောင်းရဲ့လားဟင်"

"ဟယ် ဒီကောင်မကလေးက"

သည်အခါ ကိုအောင်ကို့ထံကတော့ ဘာအသံမှ ထွက်မလာပေ။ ခေါင်းပဲညိတ်လေသလား၊ ခေါင်းပဲ ခါလေသလား မစိမ်းလဲ့ညိုမသိလိုက်။ သူ့အသားများ က တဆတ်ဆတ်တုန်လှုပ်လာတော့သည့်။

"ဦး သမီးမလှဘူးလားဟင်။ မနေ့တုန်းက ဆံပင် လဲ ဆေးဆိုးတယ်၊ မျက်နှာကိုလဲ ပေါင်းတင် ခဲ့သေးတာ''

"အို"

မစိမ်းလဲ့ညိုနားထဲ မိုးကြိုးပစ်ချလိုက်သည့်နှယ် တစ်ကိုယ်လုံး လေထဲမြောက်သွားသည့်နှယ် မသဲကွဲ တော့ပါ။ သည်လိုနှင့် ထိုနေ့ညနေ အလုပ်ဆင်းချိန် ရောက်တော့ သူဆုံးဖြတ်ထားသည့်အတိုင်း ပိုင်ပိုင် နိုင်နိုင်လုပ်ရတော့သည်။

"ကဲ ညီမလေး အားတော့နာပါတယ်ကွယ်၊ မစိမ်း စိတ်တော့မကောင်းပါဘူး"

"ရှင်"

"ညီမလေး မနက်ဖြန်ကစပြီး ဆိုင်ကို မလာနဲ့ တော့နော်။ ဒီအတွက် သုံးလစာနစ်နာကြေးလဲ မစိမ်း ပေးလိုက်မယ်သိလား"

"ဩော်...ဟုတ် ဟုတ်ကဲ့ မမ။ ဒါပေမဲ့ ဘာဖြစ် လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူးကွယ်။ အရောင်းဝန်ထမ်း မလိုတော့လို့ပါ"

သည်လိုနှင့် အခုခေတ်မိန်းကလေးများကို ကြောက်သည်ကတစ်ကြောင်း၊ ယောကျ်ားဖြစ်သူကို စိတ်မချနိုင်သည်က တစ်ကြောင်းဖြင့် မိန်းကလေး ဝန်ထမ်း မခန့်ဖြစ်တော့ပေ။

(၃)

"ကိုယ့်ယောကျ်ားကို ကိုယ်ယုံကြည်ပေမဲ့ ကံကြမ္မာကို မယုံကြည်ရဲဘူး ကိုအောင်ရေ။ အခု တစ်လော ရုံတင်ပြီးပြသနေတဲ့ ရုပ်ရှင်ကားတွေကလဲ ခေတ်ကိုများ နိမိတ်ပြနေသလားပဲ"

တစ်ယောက်တည်း အဝတ်အစားများကို သေချာ နေရာချထားနေရင်းက ကရားရေလွှတ်တတွတ်တွတ် ပြောနေသည့် မစိမ်းလဲ့ညို၏စကားများဖြစ်သည်။

"ကြည့်ပါလား၊ ချစ်မိတာအပြစ်လားတို့၊ အိမ်ထောင်ရေးတို့လို ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွဲတွေ က မိသားစုဘဝရေးတွေအတွက် စံနမူနာတွေပဲလေ"

"ဒါလဲဟုတ်တာပဲ"

ကိုအောင်ကိုက ဇနီးဖြစ်သူ၏စကားကို ထောက်ခံလိုက်သည်။

"ဟိုနေ့က ကောင်မကလေးကို စိမ်းတော့ ကြည့် လို့ကိုမရတော့တာ။ တကတဲ ဘာတွေပြောလို့ ပြောနေမှန်းကို မသိတော့ဘူး။ မဖြစ်ဘူး၊ မဖြစ်ဘူး အဲဒီလိုကောင်မကလေးတွေကြောင့် ကိုယ့်ယောကျ်ား ကိုတော့ အပါမခံနိုင်ပါဘူး"

"ဟင် စိမ်းရယ် ကိုအောင်ကလဲ အဲဒီလိုလူစားမျိုး မှမဟုတ်တာ။ လောကကြီးမှာ ဟောဒီက ကိုအောင့်ရဲ့ ချစ်ဇနီးလေးက အလှဆုံး၊ ချစ်စရာအကောင်းဆုံးလို့ပဲ ထင်တာလေ။ ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူးကွာ။ ကိုအောင်က စိမ်းအပေါ် သစ္စာရှိပြီးသားပါကွယ်"

"ဟွန့် ပြောလို့ရမလား။ မိန်းမမာယာ သဲကိုးဖြာ တဲ့ ကိုအောင်ရဲ့။ ကိုအောင်ကကော ဘာသားနဲ့ ထုထားတာမို့လို့လဲ"

"ဟင်း"

ကိုအောင်တစ်ယောက် ဘာစကားမျှဆက်မပြော တော့ပေ။ ချစ်သည့်စိတ်ကြောင့် ဘယ်မိန်းကလေး နှင့်မှ စိတ်မချနိုင်စွာသဝန်တိုတတ်သည့်ဇနီးဖြစ်သူ ကို ကြည့်ရင်း ပီတိဖြစ်နေသည်။

"စိမ်း ကိုအောင်တို့ဆိုင်အတွက် တစ်ခုစဉ်းစား ထားတာရှိတယ်"

"ဘာများလဲ ကိုအောင်"

"ဆိုင်အကူဝန်ထမ်းကိစ္စလေ"

"ဟွန့် ကိုအောင်နော်၊ မိန်းကလေးဆိုရင် ဘယ် မိန်းကလေးမျိုးကိုမှ မခန့်ဘူးနော် စဉ်းစားမနေနဲ့"

"မိန်းကလေးမဟုတ်ပါဘူး"

"ဒါဆို ယောကျ်ားလေးလား"

"အင်း ယောကျ်ားလေးတော့ ယောကျ်ားလေးပဲ ဒါပေမဲ့"

ကိုအောင်ကိုက ဆက်မပြောဘဲ စကားစကို ဖြတ်ထားကာ တစ်ခုခုကို စဉ်းစားနေသေးသည်။ ပြီးမှ ဆက်ပြောသည်။

"ဟိုကွာ ဟိုဘက်လမ်းထဲက ရေကြည်မကို ခေါ်မလားလို့"

"အလို ဗုဒ္ဓေါမြတ်စွာဘုရား။ အခြောက်စိတ် ပေါက်နေတဲ့ကောင်ကလေးကို ပြောတာလား ကိုအောင်ရယ်"

"အင်းလေ အဲဒီလို အခြောက်စိတ်ပေါက်နေတော့ ဟောဒီကစိမ်းအတွက်လဲ ကိုအောင် သဝန်တိုနေစရာ မလိုတော့ဘူးလေ"

စာမျက်နှာ ၂၅ သို့ ➤

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၈၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၈၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၉၀၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်းဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ အကျိုးစီးပွားပိုမိုဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်များအပြင် ပုသိမ်၊ ရန်ကုန် စသည့်မြို့များက မှာယူမှုများပြားနေကြောင်း သိရသည်။

"အခုလ ဒုတိယပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူမှုကောင်းနေပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းကာ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမြွေထိုးခြောက် တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၅၀၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မီးသွေးနဲ့ စိန်ပမာ

– အပူစုံ ရာထောင်လွှမ်း
လောင်ကျွမ်းဖို့ ဖိအားဆင်၊
ရှုံးပေးကာ ကျွမ်းသမျှ
နွမ်းလျလို့ပင်၊
မီးသွေးဖြစ် ညိုးဘဝင်
အဖိုးမထင် စံမမြောက်၊
ခွန်အားတွေ အပြိုပြိုလဲ
ညိုမွဲလို့ခြောက်။

– အပူတွေ ထိုးဖောက်လည်း
ညိုးမခြောက် တွန့်မဖြို၊
အလောင်မခံ စံမလျော့ဖို့
မာန်မလျှော့တဲ့ပုံ၊
စိန်အဖြစ် အရုပ်စုံ
မြတ်ဂုဏ်နဲ့ တန်ဖိုးပြည့်၊
အမာမှာ စံတစ်ပါးလို့
အလံကြွားတဲ့နေ့။

– အပူစုံ ဖိအားအပြည့်တို့
ထိပါး၍ ဖြစ်တည်လာ၊
မီးသွေးနဲ့ စိန်အလုကို
ချိန်ဆစရာ၊
ငါတို့ရဲ့ လူ့ရွာ
ဥပမာနဲ့ နှိုင်းယှဉ်ကြည့်၊
ဖိအားအပူတို့
ထိပါးကလူလည်း
မာန်ထူကာ ကြိုးစားမှ
စံယူစရာ အဖိုးများလို့
အိုကွယ်...
တန်ခိုးကြွားနိုင်ဘိ။ ။

**လွှမ်းလေးကို(သရက်)**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဘာရယ် ဘာရယ် ကိုအောင်။ အဲဒါ စိမ်းအတွက် ကိုအောင် သဝန်တိုရမှာမဟုတ်ဘူး။ ကိုအောင့်အတွက်ပဲ စိမ်းက သဝန်တိုရမှာရှင့်။ အခြောက်စိတ်ပေါက်နေတော့ မိန်းမတွေကို ဘယ်ကသာ စိတ်ဝင်စားပါ့မလဲ။ ကိုအောင့်ကိုပဲ စိတ်ဝင်စားနေမှာပေါ့။ တော်ပါပြီ ကိုအောင်ရယ် ဒုက္ခတွေရှာမနေစမ်းပါနဲ့တော့။ ဆိုင်အလုပ်တွေ ဘယ်လောက်ပဲ ပင်ပန်းနေပါစေ စိမ်းဘာသာပဲလုပ်မယ်။ ဝန်ထမ်းမထားဘူး သိလား"

သည်လိုနှင့် သူတို့လင်မယားနှစ်ဦးတည်း ဆိုင်ကလေးကို ကြိုးစားပြီးဖွင့်ခဲ့ကြလေသည်။ စေတနာကောင်းကြ၍လား၊ သူတို့နှစ်ဦး၏ ကံတရားကြောင့်လားမသိ ဆိုင်ကလေးသည် အခြားဆိုင်များနှင့် မတူဘဲ ဝယ်ယူသူများဖြင့် အချိန်ပြည့်စည်ကားနေသည်။ လက်မလည်အောင်ပင် ရောင်းအားကောင်းလျက်ရှိနေသည်။

ယခုဆိုလျှင် သူတို့နှစ်ဦး၏အသက်များပင် လေးဆယ်ကျော်၍ ငါးဆယ်နီးပါးသို့ ရောက်နေပေသည်။ သို့သော် ယခုအချိန်ထိ သားသမီး တစ်ယောက်တလေမှ ထွန်းကားမလာခဲ့ပေ။ အရွယ်ရလာကြသော်လည်း သူတို့နှစ်ဦး၏အချစ်များကတော့ ညားခါစ ကြင်စဦးဇနီးမောင်နှံများပမာ သည်းသည်းလှုပ်ပြီး တီတီတာတာဖြင့် အချစ်ကဲကဲ ချစ်နေကြဆဲပင် ရှိနေသည်။

(၄)

"ဖြည်းဖြည်းလှမ်းပါ စိမ်းရယ်၊ မြန်လိုက်တဲ့ ခြေလှမ်း"

"သီလပေးတရား မမီမှာစိုးလို့ပါ ကိုအောင်ရယ်။ ဒါနဲ့ ကိုအောင် မောနေလို့လားဟင်"

ဥပုသ်နေ့ရောက်တိုင်း သီလယူဥပုသ်စောင့်ရန် ဘုန်းကြီးကျောင်းသို့ သွားကြသည်။ ဘုရားသွားကျောင်းတက် လိုက်ဖက်ညီလှ၍ ဥပုသ်သည် အချင်းချင်းကပင် ချီးမွမ်းထောမနာပြုကြရသည်။

"ဟယ် မိုးဖွဲ့ကလေးတွေကျလာပြီ ကိုအောင်ရေ။ လာလာ စိမ်းကိုကပ်ထား ထီးဆောင်းကြရအောင်"

အလှူရေစက်လက်နှင့်မကွာ လှူဒါန်းကြသကဲ့သို့ ရပ်ရေးရွာရေးများအတွက်လည်း တတ်နိုင်သရွေ့ ပါဝင်ကူညီလေ့ရှိကြသည့် သူတို့လင်မယားကို သိသူတိုင်းက လေးစားအားကျကြလေသည်။

"ကိုအောင် စိမ်းတို့ အခုလိုတွေ ကုသိုလ်ကောင်းမှုပြုကြလို့ အခုနေများ နတ်ပြည်ကနေ စိမ်းကို နတ်သမီးလုပ်ဖို့ ပန်းရထားနဲ့လာခေါ်မယ်ဆိုရင်တောင် စိမ်းလေ ကျောင်းအမကြီး ဝိသာခါလိုပဲ အဲဒီနတ်စည်းစိမ်တွေ၊ နိဗ္ဗာန်တွေကိုငြင်းပယ်ပြီး သံသရာအဆက်ဆက် ကိုအောင်နဲ့ပဲ နေခွင့်ရချင်မိတယ်"

အေးချမ်းလှသည့် ကျောင်းတော်သာစေတီကလေးနားတွင် ဘုရားဝတ်ပြုရင်း ဒေါ်စိမ်းလဲ့ညိုက ပြောလေသည်။

"ကိုအောင်လဲ စိမ်းလိုပါပဲကွယ်။ နတ်သမီးလေးတွေ တစ်ဖက် ငါးရာပေးမယ်ဆိုရင်တောင် ဟောဒီကချစ်ဇနီးလေးနဲ့ မလဲနိုင်ပါဘူးကွယ်"

"တကယ်နော် ကိုအောင်"

"တကယ်ပေါ့ စိမ်းရယ်။ အဲဒီတော့ ကိုအောင်တို့ဘုရားမှာ ဆုပန်ကြရအောင်လား"

"ဘယ်လိုဆုမျိုးကို ပန်ကြမှာလဲ ကိုအောင်ရယ်"

ထူးထူးခြားခြားပြောလာသည့် ဦးအောင်ကို၏စကားကို ဒေါ်စိမ်းလဲ့ညိုက နားမလည်နိုင်စွာမေးလိုက်သည်။

"ကဲ... အဲဒါဆို ကိုအောင်က ရှေ့ကနေတိုင်မယ် စိမ်းက နောက်ကနေ လိုက်ပြီးဆိုပေါ့"

"ဟုတ် ကိုအောင်"

"အရှင်ဘုရား ဘုရားတပည့်တော်၊ တပည့်တော်မတို့သည် သံသရာဘဝအဆက်ဆက်မှာ မခွဲမခွာအတူရှိနေနိုင်ကြမည့် အကြင်ဇနီးမောင်နှံများအဖြစ် ဖြစ်လေရာဘဝတိုင်းအတူရှိကာ အရိမေတ္တေယျဗုဒ္ဓမြတ်စွာဘုရားရှင်ရှေ့တော်မှောက်သို့ အတူတူဖူးမြော်ခွင့်ရရှိ၍ မြတ်နိဗ္ဗာန်သို့ အတူတူရောက်ရပါလို၏ အရှင်ဘုရား"

"သာဓု သာဓု သာဓု"

"ဟင် ဘုရား"

သူတို့နှစ်ဦး ဘုရားတွင်ဆုပန်နေချိန် ဆရာတော်က အနားသို့ ဘယ်အချိန်ကတည်းက ရောက်နေခဲ့သည်မသိ။ ရုတ်တရက် သူတို့နှစ်ဦး လန့်သွားရသည်။

"တကယ်ကို စိတ်တူ၊ ဆန္ဒတူသူတွေပါလား ဒကာ၊ ဒကာမတို့ ကောင်းပေတယ်တကား၊ ကောင်းပေတယ်၊ ကောင်းပေတယ်။ ဒကာ ဒကာမတို့ ဆုတောင်းတွေ ပြည့်ကြပါစေကွယ်"

ဆရာတော်ကပါ ချီးမွမ်းသြဘာပြုသည့်အတွက် သူတို့နှစ်ဦးမှာ ကြည်နူးဝမ်းသာမဆုံးဖြစ်ကြရပါတော့သည်။

# ခေါင်းဆောင်ရဲ့တာဝန်

ဗညားကျန်းထော

"ခေါင်းဆောင်မှုဆိုတာ ကိုယ်အောင်မြင်ချင်တဲ့ ရည်မှန်းချက်တာဝန်တစ်ခုခုကို သူတို့တစ်ဦးချင်းစီကပါ (သူတို့ကိုယ်တိုင် ထက်ထက်သန်သန် လိုလိုလားလား စိတ်ပါလက်ပါ) သူတို့ကိုယ်တိုင် လုပ်ချင်တဲ့ဆန္ဒနဲ့ရွေးချယ်ခဲ့တာလို့ နှစ်နှစ်ကာကာယုံကြည်ပြီး လုပ်ကြစေနိုင်စွမ်းရှိခြင်းပဲ။"

ဒွိုက်ဒေးဗစ်၊ အိုက်စင်ဟောင်ဝါ
(၁၈၉၀–၁၉၆၉)
၃၄ ဦးမြောက်အမေရိကန်သမ္မတ

**နိဒါန်း**

အဖွဲ့အစည်းအသင်းအပင်းတွေနဲ့ စုပေါင်းလှုပ်ရှားကြတဲ့အခါ ပေါင်းစုခြင်းရဲ့အင်အားဟာ နှစ်ဆလောက်တိုးပွားတယ်လို့ အများက ထင်မြင်ယူဆတတ်တယ်။ သဘာဝ လူ့လက်မှာတောင် စုစည်းဆုပ်ကိုင်ဖို့ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုးနဲ့လက်မ၊ လက်ငါးချောင်းစလုံး စုပေါင်းလိုက်မှ ကိုယ်လုပ်ချင်သလို အလုပ်ကို တကယ်ဖြစ်မြောက်စေနိုင်တယ်လေ။ ဟုတ်တာပေါ့။

တကယ်တော့ လက်သန်းဆိုတာ သေးလည်းသေးတယ်၊ တိုလည်းတိုတယ်။ အားအင်နည်းပါတယ်။ အားရှိကြတာကတော့ လက်ညှိုးနဲ့လက်မပေါ့။ ကြမ်းပိုးလေးတွေ ပုရွက်ဆိတ်ကလေးတွေတောင် ကောက်နိုင်၊ ဖမ်းနိုင်တာ။

**လက်ချောင်းများ**

မတာ၊ ကိုင်တာ၊ လက်လေးချောင်းကတစ်ဖက်၊ လက်မကတစ်ဖက်ကိုင်တွယ်မှသာ အရာရောက်တာမို့ လက်မဟာ အင်အားကောင်းရုံသာမက အဓိကအရေးပါတဲ့လက်ချောင်းပါလား။ သက်ရှိသတ္တဝါအားလုံးတို့အနက် လူသားက အသိဉာဏ်အရာ ပိုမိုမြင့်မားတဲ့ ဉာဏ်ရည်သာလွန်မှုကြောင့် ဒီကမ္ဘာမြေကို လွှမ်းမိုးခြယ်လှယ်နိုင်ခြင်းဖြစ်တယ်လို့ လူရဲ့ဦးနှောက်၊ အသိအမြင်ကို ချီးမွမ်းပြောဆိုလေ့ရှိကြတယ်။ ရေးသားနေကြပါတယ်။ သိပ္ပံပညာရှင်များနဲ့ ရှေးဟောင်းသုတေသနပညာရှင်ကြီးများရဲ့ တကယ်တမ်းလေ့လာစိစစ်ချက်တွေအရ လူသားတွေရဲ့ရာစုနှစ်ပေါင်းများစွာ ယဉ်ကျေးမှုလူ့အဖွဲ့အစည်း အဆင့်ဆင့်တိုးတက်ခြင်းများရဲ့ အဓိကအကျဆုံးသော အကြောင်းအချက်ကတော့ လူသားက လက်ညှိုးနဲ့လက်မကို ဘဝသက်တမ်းတစ်ခုစီအတွင်းမှာ အထိရောက်ဆုံး အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်သာဖြစ်ပါတယ်တဲ့။ တွေးတောဆင်ခြင်နိုင်စွမ်း၊ တွက်ဆမြော်မြင်နိုင်စွမ်းတွေလည်းပါမှာပေ့ါ။ သို့တစေ၊ လက်ညှိုးနဲ့လက်မနဲ့ အနုကောအကြမ်းကော၊ အလုပ်အမျိုးမျိုးကို သမိုင်းအစဉ်အဆက် လူသားက အခြားသတ္တဝါကြီးငယ်အားလုံးအပေါ် လွှမ်းမိုးနိုင်တာကတော့ အမှန်ပဲ။ ခားခုတ်လှံထိုးစွမ်းရည်နဲ့အနိုင်ယူနိုင်တယ်။ အမြောက်၊ တင့်ကား၊ လေယာဉ်၊ စစ်သင်္ဘော စသည့်ခေတ်မီလက်နက်တွေကို စွမ်းပကားကြီးမားအောင် တိတိကျကျ တီထွင်နိုင်ခဲ့တယ်။

**စုပေါင်းအား**

လူသားရဲ့ လက်ချောင်းလေးတွေရဲ့ မူလပထမ အစွမ်းကြောင့်ဆိုတာကို ဘယ်သူမှ ငြင်းလို့မရပါ။ စုပေါင်းထားတဲ့ လူသားရဲ့ လက်ချောင်းက လူ့သမိုင်းအတွက် အသစ်အသစ်သော တိုးတက်ဖွံ့ဖြိုးမှုတွေကို ဖြစ်စေနိုင်ခဲ့ပါတယ်။ သင်္ချာသဘောနဲ့ ထင်ရှားအောင် ပြခွင့်ပြုပါ။

၁၀+၁၀= ၂၀ အရေအတွက်ရတယ်။

၁၀x၁၀= ၁၀၀ ဆယ်ဆရတယ်။

စုပေါင်းခြင်းဟာ နှစ်ဆတိုးပွားတယ်။ မှန်ရဲ့။ စိတ်တူကိုယ်တူ ချစ်ခင်စည်းလုံးစွာ ပေါင်းစည်းခြင်းဆိုတာ သာမန်အရေအတွက်များ ပေါင်းခြင်းထက် ပိုမိုလေးနက်သလို ပေါ်ထွက်လာတဲ့ ကိန်းဂဏန်းအဖြေကလည်း သိသိသာသာခုန်ပျံတိုးပွားကြောင်း မြင်တွေ့ရလိမ့်မယ်။

တစ်စိတ်တစ်ဝမ်း ညီညွတ်ညီညာခဲ့ကြလို့သာ စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင် သို့မဟုတ် ၆၇၆၅၇၈ စတုရန်းကီလိုမီတာ အကျယ်အဝန်း(အာဆီယံနိုင်ငံများ အားလုံးထဲမှာ အင်ဒိုနီးရှားကလွဲရင်) အကျယ်ဆုံးနိုင်ငံတစ်နိုင်ငံရဲ့ တောတောင်၊ ရေမြေ၊ ချောင်းမြောင်းအင်းအိုင်၊ ပင်လယ်ရေပြင်ပိုင်နက်(သမုဒ္ဒရာထွက်ပေါက်)ကျယ်ဝန်းစွာပိုင်ဆိုင်တဲ့ ပြည်ထောင်စု။ ရှေးကာလနှစ်ပေါင်းထောင်ချီကာ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံကြီး တစ်နိုင်ငံအနေနဲ့

> **❖အဆီကိုထုတ်အနှစ်ချုပ်ရရင် တိုင်းရင်းသားလူဦးရေသန်း ၅၀ ကျော်ရုံမျှနဲ့ ဂျပန်နိုင်ငံထက်နှစ်ဆကျော်၊ အင်္ဂလန်နိုင်ငံထက် နှစ်ဆကျော်၊ ပြင်သစ်တို့၊ ဂျာမနီနိုင်ငံတို့ထက်တောင် ပိုမိုကျယ်ဝန်းတဲ့ မြန်မာနိုင်ငံတော်ကို ပိုင်ဆိုင်တဲ့မြန်မာလူမျိုးဟာ ခေါင်းဆောင်ကောင်းတွေက သမိုင်းအဆက်ဆက် လက်ဆင့်ကမ်းတာဝန်ကျေခဲ့ကြလို့ပဲ။ အမိမြေကို သတိရှိရှိ ကာကွယ်နေကြဖို့အရေးက နိုင်ငံသားလူငယ် လူရွယ်အားလုံး၊ ကျန်းမာသန်မြန်သူမှန်သမျှ တာဝန်ကိုယ်စီရှိနေကြတယ်ဆိုတာ ခေါင်းဆောင်အဆင့်ဆင့်က အလေးထားကြပ်မတ်နှိုးဆော်ဖို့ တာဝန်မဟုတ်လား။ ❖**

ရပ်တည်ခဲ့ရာမှ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မတိုင်မီထိ ဗြိတိသျှနယ်ချဲ့နှင့် ဂျပန်ဖက်ဆစ်တို့၏ လက်အောက်သို့ ၆၂ နှစ်ကြာကျရောက်ခဲ့ရဖူးချိန်မှအပ ပြည်ထောင်စုမြန်မာနိုင်ငံ ပြန်လည်လွတ်လပ်ရေးရခဲ့တာပဲ ၇၅ နှစ်ကျော်ခဲ့ပြီ။ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြတဲ့ အာဇာနည်သူရဲကောင်းလူမျိုးတွေပေပဲ။ ဆုံးရှုံးခဲ့ရတဲ့ အချုပ်အခြာအာဏာကို အရင်းရှင်စနစ် ကမ္ဘာကိုလွှမ်းမိုးတဲ့ခေတ်ကာလ နယ်ချဲ့အရင်းရှင် ဗြိတိသျှအစိုးရက မိမိတို့ထက် စီးပွားရေးအင်အား၊ စစ်အင်အား(ကမ္ဘာ့အမြင့်အသိပညာကျယ်ဝန်းခြင်းစွမ်းအား)စသည့် သာလွန်မှုများအရ ၁၈၂၄–၁၈၂၆ တစ်ကြိမ်(၂ နှစ်ကြာ)၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ်ထပ်မံ၍ (၈ လကြာ)နှင့် ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ်(၂ လ၊ ၃ လကြာမျှနှင့်)သုံးကြိမ်တိုင်တိုင် မြန်မာပြည်ကို နယ်ချဲ့ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်းကို ခံခဲ့ကြရလေတယ်။

**သမိုင်းထဲက**

ကမ္ဘာ့သမိုင်းမှာ နိုင်ငံတစ်ခုကို ကျွန်ပြုဖို့ရာ ၆၂ နှစ်ကြာ စစ်တိုက်ယူရတာ ဗြိတိသျှနယ်ချဲ့အရင်းရှင်နိုင်ငံအတွက် မြန်မာပဲရှိတယ်။ နေမဝင်အင်ပါယာဆိုရလောက်အောင် အာရှ၊ အာဖရိက၊ မြောက်အမေရိကနဲ့ နယူးဇီလန်၊ ဖော်ကလန်၊ ဖီဂျီ စတဲ့ကျွန်းနိုင်ငံလေးများပါမကျန် ကမ္ဘာ့နေရာအနှံ့ နေမဝင်အင်ပါယာတန်ခိုးကြီးမားတဲ့ အင်္ဂလိပ်ဟာ မြန်မာကို ကျွန်းသစ်၊ ရေနံ၊ ဆန်ရေစပါး၊ သယံဇာတ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားရတနာ အမျိုးမျိုး ဒီလောက်ပေါ်ကြွယ်ဝတဲ့ မြန်မာနိုင်ငံကို ၆၂ နှစ်သာ အုပ်ချုပ်ပြီး လက်လွှတ်ခဲ့ရလို့ အခဲမကျေပါ။ မရမနေပြန်ပြီးခြယ်လှယ်ဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားရာမှာ တိုင်းရင်းသားလူမျိုးချင်း ကုန်းတိုက်၊ သပ်လျှိုသွေးခွဲတယ်။ စာပေ၊ စကား၊ ကိုးကွယ်မှုဘာသာ ကွဲပြားခြားနားအောင်လုပ်ဆောင်ခဲ့တယ်။ သမိုင်းကြောင်းရှည်လျားစွာ ချစ်ချစ်ခင်ခင်နေထိုင်လာကြတဲ့ မြန်မာတိုင်းရင်းသားတွေကြားမှာ လွတ်လပ်ရေးမတတ်သာလို့ ပြန်ပေးလိုက်ခဲ့ရပေမယ့် နည်းမျိုးစုံနဲ့ ကုန်းချောသွေးခွဲတာဟာ နှစ်ပေါင်းကြာလာတော့ ဒဏ်ရာဒဏ်ချက်တွေလည်း ရလာခဲ့ပါတယ်။

**သွေးခွဲခြင်း**

ကချင်ကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကယားက တစ်နည်း စိတ်ဝမ်းကွဲပြားနေကြရင် လွတ်လပ်ရေးဟာ ယနေ့လွတ်လပ်ရေးရပြီး နောက်တစ်နေ့ သူများလက်ထဲပြန်ပါသွားလောက်အောင် အန္တရာယ်ကြီးမားလှတယ်နော်လို့ အသက် ၃၀ ကျော်မျှသာရှိသေးတဲ့ အမျိုးသားလွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အကြိမ်ကြိမ်သတိပေး လမ်းညွှန်ခဲ့တယ်နော်။

ပြည်သူပြည်သားအများစုက မသိကြပေမယ့် အိမ်နီးနားချင်းတွေရဲ့ အချို့အချို့ အစိုးရတွေရဲ့ လက်ထက်မှာ မြန်မာပြည်ကို စားချင်ဝါးချင်တဲ့ မျက်လုံးရွဲကြီးတွေနဲ့ သွားရည်ကျပြီး ပါးစပ်တပြင်ပြင်ဖြစ်နေခဲ့တာ စာရေးသူတို့ မြင်ရပါရဲ့။ သတိပြုမိခဲ့တာပဲ။

**မြင်အောင်ကြည့်ကြ**

ဘုရင့်နောင်ကျော်ထင်နော်ရထာ လက်ထက်က စိုးမိုးခဲ့တဲ့ အယုဒ္ဓယ၊ လင်းဇင်း၊ ဇင်းမယ် စတဲ့နယ်မြေများဟာ မြန်မာဘုရင့်ဩဇာခံလက်အောက် နှစ်ပေါင်း ၂၄၂ နှစ်ကြာအောင် အေးချမ်းတည်ငြိမ်ခဲ့ပါရဲ့။ မြန်မာ့ဩဇာ။

ဆင်ဖြူရှင်လက်ထက်မှာ နယ်စပ်အငြင်းပွားမှုမှစကာ အယုဒ္ဓယထိအောင် စစ်ချီသိမ်းပိုက်ခဲ့ဖူးတယ်။ နှစ်ဆယ်ရာစုရောက်လာတော့ စီယံနိုင်ငံက ထိုင်းနိုင်ငံအမည်ပြောင်းပြီး သံလွင်မြစ်အရှေ့ဘက် အပါအဝင် ပိုမိုကျယ်ဝန်းတဲ့ ဘုရင့်နိုင်ငံတော်ဖြစ်ဖို့ ကြံစည်နေခဲ့တယ်။ ထိုင်းတပ်မတော်ကိုလည်း Greater Thai-land နိုင်ငံတော်ပိုမိုကျယ်ဝန်းစေရမယ်ဆိုတာ ခံယူချက်သွင်းပေးထားတယ်။

မြောက်ဘက်က နယ်မြေမှ ကျူးကျော်လာခြင်းများကိုတော့ ပျူခေတ်၊ တကောင်းဟန်လင်း၊ သရေခတ္တရာထိ ကျူးကျော်လာလို့ တွန်းလှန်ခဲ့ရဖူးတယ်။ ပုဂံခေတ်မှာလည်း တရုတ်ပြေးမင်းဆိုတာ ပုသိမ်ထိအောင် တိမ်းရှောင်ဆုတ်ခွာပေးခဲ့ရဖူးပါရဲ့။ ဆင်ဖြူရှင်မင်းကုန်းဘောင်ခေတ်မှာတော့ ကျူးကျော်လာသမျှ အကြိမ်ကြိမ်ကို ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်စစ်သည်တပ်များနဲ့ အောင်မြင်စွာတိုက်ခိုက်တွန်းလှန်ခဲ့တာဟာ တိုင်းရင်းသားအချင်းချင်းရဲ့ စုစည်းချစ်ခင်ညီညွတ်ခြင်းရဲ့ စွမ်းပကားလက္ခဏာပါပဲ။ ရန်သူ့တပ်ရှေ့ဖျားက ပြင်ဦးလွင်ကားလမ်းခြောက်ထပ်ကွေ့နေရာရောက်လို့ ရောဝတီ၊ ဇော်ဂျီ၊ ပန်းလောင်မြစ်သုံးစင်းဆုံရာ မင်းနေပြည်တော်အင်းဝကို လှမ်းမျှော်မြင်တွေ့နေရပြီမို့ မြန်မာပြည်ကိုသိမ်းပိုက်နိုင်မယ်ထင်ခဲ့သော်လည်း ကွတ်ခိုင်၊ သိန္နီ၊ ကျောက်မဲ၊ နောင်ချိုဒေသရှိ ဒေသခံလူမျိုးစုတွေက ယူနန်နဲ့မွန်ဂိုလီးယားစစ်ကြောင်းကြီးများကို ပြောက်ကျားစစ်၊ ခြုံခိုစစ်၊ ကြားဖြတ်ဟန့်တားစစ်များနဲ့ ဖြတ်လေးဖြတ်ချီးဖျက်တိုက်ခိုက်လိုက်တာ မိမိထက်စစ်သည်အင်အားအဆများစွာ သာလွန်တဲ့ရန်သူတွေကို တပ်ပျက်ဆုတ်ခွာထွက်ပြေးအောင် လုပ်ဆောင်နိုင်ခဲ့တာ စစ်သမိုင်းမှာ အထင်အရှားပဲ။

**သင်ခန်းစာ**

ညီညွတ်စည်းလုံးတဲ့ မိမိတို့ဒေသခံတိုင်းရင်းသားအပေါင်းရဲ့ သွေးစည်းညီညာမှုဟာ အပေါင်းဂဏန်းသဘောမျှသာမဟုတ်။ အဆများစွာကြီးမားတဲ့ စွမ်းအားကိုရရှိစေတဲ့ အမြှောက်လက္ခဏာသဘောသဘာဝကြောင့် အောင်မြင်ခဲ့ကြောင်း ရှေးကာလစစ်သူကြီးများဖြစ်တဲ့ ဝန်ကြီးမဟာစည်သူ၊ ဝန်ကြီးမဟာသီဟသူရ၊ ဝင်းတော်မှူးတိမ်ကြားမင်းခေါင်တို့ပေါင်းစုလို့ ခုခံပိတ်ဆို့ချေမှုန်းခဲ့ကြကြောင်း လက်တွေ့သာဓကတွေရှိပေတယ်။

အသေးအတုတ်၊ အတိုအရှည် မတူညီတဲ့လက်ချောင်းလေးတွေ ညီညီညွတ်ညွတ် ပေါင်းစုခုခံလိုက်ရင် ဘယ်ရန်သူမှမခံနိုင်ဘူးဆိုတာ ကုန်းဘောင်ခေတ်က စစ်မြေပြင်တွေက သမိုင်းတင်ကာ လက်တွေ့ပြခဲ့ကြတာပဲ။

ပေါင်းစုညီညွတ်ခြင်းရဲ့ အင်အားစွမ်းအားရှိမှုကို Synergy (ဆင်နာဂျီ)လို့ အင်္ဂလိပ်လိုခေါ်ပါတယ်။ **"သမဂ္ဂါနံ တပေါ သုခေါ"**ဆိုတဲ့ မြတ်စွာဘုရားဟောတော်မူတဲ့တရားလေ။ စုပေါင်းညီညာအောင်ကြောင်းဖြာ၊ ညီညွတ်ခြင်းဟာ ချမ်းသာကိုဆောင်တယ်တဲ့။ မိမိထက်လူဦးရေသန်းပေါင်းထောင်နဲ့ချီပြီး ပိုများတဲ့ မြောက်ဘက်ကနိုင်ငံကြီးနဲ့ အနောက်ဘက်ကနိုင်ငံကြီးနဲ့ ရှေးနှစ်ပေါင်းလေးထောင်၊ ငါးထောင်ကြာအောင် မပြိုလဲ၊ မပျောက်ကွယ်ခဲ့ဘဲ သန်မြန်ခိုင်မာသော မိမိတို့ တစ်ထီးတစ်နန်း နိုင်ငံသမိုင်းရှိခဲ့တယ်လေ။

**နိဂုံး**

အဆီကိုထုတ်အနှစ်ချုပ်ရရင် တိုင်းရင်းသားလူဦးရေသန်း ၅၀ ကျော်ရုံမျှနဲ့ ဂျပန်နိုင်ငံထက်နှစ်ဆကျော်၊ အင်္ဂလန်နိုင်ငံထက် နှစ်ဆကျော်၊ ပြင်သစ်တို့၊ ဂျာမနီနိုင်ငံတို့ထက်တောင် ပိုမိုကျယ်ဝန်းတဲ့ မြန်မာနိုင်ငံတော်ကို ပိုင်ဆိုင်တဲ့မြန်မာလူမျိုးဟာ ခေါင်းဆောင်ကောင်းတွေက သမိုင်းအဆက်ဆက် လက်ဆင့်ကမ်းတာဝန်ကျေခဲ့ကြလို့ပဲ။

အမိမြေကို သတိရှိရှိ ကာကွယ်နေကြဖို့အရေးက နိုင်ငံသားလူငယ်လူရွယ်အားလုံး၊ ကျန်းမာသန်မြန်သူမှန်သမျှ တာဝန်ကိုယ်စီရှိနေကြတယ်ဆိုတာ ခေါင်းဆောင်အဆင့်ဆင့်က အလေးထားကြပ်မတ်နှိုးဆော်ဖို့ တာဝန်မဟုတ်လား။

## ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံသီးနှံ ၅၂၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲစင်းငုံသီးနှံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၂၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ဒိုက်ဦးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဒိုက်ဦး ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေညောင်ပင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ရွှေညောင်ပင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း မူဘောင်နှင့်လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကိုအသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၆၅ သန်းကို ရွှေညောင်ပင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေညောင်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၇ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးအနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဒေသထွက် အုန်းသီးအနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက အုန်းသီးအနုအလုံးရေ၅၀၀၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း အုန်းသီးအနုအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇွန်လထဲမှာလဲ အုန်းသီးအနုတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က အုန်းသီးအနုတွေ မှာယူအား ကောင်းနေပါတယ်။ ဒီဒေသက အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်ပျိုးတောင်သူတွေဆီကနေ အုန်းသီးတွေကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ ရောင်းချတာပါ။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်လိုအား တက်လာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့အထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

## ချောက်မြို့နယ် ဆင်ကကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ချောက် ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိန်ကန်ကျေးရွာအုပ်စု ဆင်ကကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်း၊ ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဆင်ကကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆင်ကကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၉၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်း ပေ ၁၁၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၉၀ ဖြင့် ဌာနမှ အင်ဂျင်နီယာစုဖွဲ့ကာ ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၆၂ အိမ်၊ လူ ၁၆၂၅ ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ဦး

## ညောင်ရွှေမြို့နယ် ကုန်းခြံ(ထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဇူလိုင် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ သလဲဦးကျေးရွာအုပ်စု ကုန်းခြံ(ထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယု၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မွန်နှင့် ဝန်ထမ်းများက ကုန်းခြံ(ထက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုန်းခြံ(ထက်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်းထုတ် ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# လစ်ဗျားနိုင်ငံတောင်ပိုင်း အလာဝီနက်အိုအေဆစ်နယ်မြေတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းနေပြီး နေအိမ်များဆီသို့ ကူးစက်လာနိုင်



**ထရီပိုလီ ဇူလိုင် ၁၄**

လစ်ဗျားနိုင်ငံ တောင်ဘက်ပိုင်း အလာဝီနက်အိုအေဆစ်နယ်မြေတွင် ဇူလိုင် ၁၂ ရက်မှ စတင်လောင်ကျွမ်းနေသော တောမီးသည် နေအိမ်များဆီသို့ ကူးစက်လာနိုင်ကြောင်း လစ်ဗျားမီးသတ်တပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားသကဲ့သို့ အခြေခံအဆောက်အအုံတချို့လည်း တောမီးကူးစက်လောင်ကျွမ်းနေကြောင်း၊ တောမီးသည် အပူချိန်မြင့်တက်ကာ သဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် အထူးမီးသတ်တပ်ဖွဲ့ဝင်များကို အသုံးပြုထားကြောင်း လစ်ဗျားမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"အပူချိန် မြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ထားပြီးတော့တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ကြိုးစားနေပါတယ်။ တောမီးဟာ အခြေခံအဆောက်အအုံတချို့ဆီကိုလဲ ကူးစက်လောင်ကျွမ်းနေပြီးတော့ နေအိမ်တွေဆီကိုလဲ ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ရေအခက်အခဲတော့ ရှိပါတယ်။ ဒါကြောင့်လဲ စွန့်ပစ်ရေဆိုးတွေကို ရေစုပ်စက်တွေနဲ့ တောမီးကို ငြိမ်းသတ်တဲ့နေရာမှာ အသုံးပြုနေရပါတယ်။ အပူချိန်ဟာ မြင့်တက်နေဆဲဖြစ်ပြီးတော့ လေတိုက်နှုန်းလဲ မြင့်တက်နေတဲ့အတွက် တောမီးအန္တရာယ်ဟာ အခြေအနေပိုဆိုးလာနိုင်ပါတယ်။ လောလောဆယ်တော့ အထူးမီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ နေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ တောမီးကိုပဲ ဦးစားပေး ငြိမ်းသတ်ပေးနေပါတယ်"ဟု လစ်ဗျားမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# နယူးဇီလန်နိုင်ငံ တက်စ်မန်နှင့် နယ်လ်ဆင်နယ်မြေတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောင်းတချို့နှင့် လမ်းမကြီးများ ပိတ်ထားရ

**ဝယ်လင်တန် ဇူလိုင် ၁၄**

နယူးဇီလန်နိုင်ငံ တက်စ်မန်နယ်မြေနှင့် နယ်လ်ဆင်နယ်မြေတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ယနေ့မှစ၍ စာသင်ကျောင်းတချို့နှင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း နယူးဇီလန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုသည် ဇူလိုင်လအတွင်း ဒုတိယမြောက် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နေသည့် ဧရိယာအတွင်း နေထိုင်သူများကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူအများစုမှာ တက်စ်မန်နယ်မြေမှဖြစ်ပြီး လူဦးရေ ၄၀ ခန့်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"တက်စ်မန်နဲ့ နယ်ဆင်နယ်မြေတို့မှာ ရေကြီးရေလျှံမှုကြောင့် မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရသလို စာသင်ကျောင်းတချို့ကိုလဲ ဒီနေ့ကနေ စတင်ပြီးတော့ ယာယီပိတ်ထားပါတယ်။ ဒေသခံတချို့လဲ ဘေးလွတ်ရာ ရွှေ့ပြောင်းထားပါတယ်။ အန္တရာယ်ရှိတဲ့ ဧရိယာအတွင်းမှာ နေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားတာလဲ ဖြစ်ပါတယ်"ဟု နယူးဇီလန် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တူကီယဲနိုင်ငံအနောက်ပိုင်းရှိ Izmir ပင်လယ်အော်တွင် ပင်လယ်ရေထုညစ်ညမ်းမှုကြောင့် ငါးအစုလိုက်အပြုံလိုက် သေဆုံးမှုဖြစ်ပွား

**အင်ကာရာ ဇူလိုင် ၁၄**

တူကီယဲနိုင်ငံ အနောက်ပိုင်းရှိ Izmir ပင်လယ်အော်တွင် ပင်လယ်ရေထုညစ်ညမ်းမှုကြောင့် ငါးအစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



နိုင်ငံအနောက်ပိုင်းရှိ ပင်လယ်အော်တွင် ဇူလိုင်လအစပိုင်းက အဆိပ်သင့်ရေမှော်များ ရှင်သန်ကြီးထွားပြီးနောက် ယခုကဲ့သို့ ငါးများ အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်လာရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ငါးအစုလိုက်အပြုံလိုက် သေဆုံးမှုပြဿနာသည် အဓိကအားဖြင့် စက်မှုစွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့ ပင်လယ်အတွင်းစွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းခြင်းမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း တူကီယဲ ငါးမွေးမြူရေးသုတေသနဦးစီးဌာနမှ ပါမောက္ခလီဗက်ရာဂါက ပြောကြားသည်။

ထို့ပြင် ရေကြီးရေလျှံမှုများကြောင့် Izmir ပင်လယ်အော်ထဲသို့ အမှိုက်များရောက်ရှိလာခြင်း၊ ရေဆိုးများနှင့် စက်မှုလုပ်ငန်းစွန့်ပစ်ပစ္စည်းများကြောင့် အဆိပ်သင့်ရေမှော်များ ရှင်သန်ကြီးထွားလာခြင်း၊ ရေမှော်များအဆမတန်ရှင်သန်ကြီးထွားမှုသည် ရေထဲရှိ အောက်ဆီဂျင်ပမာဏကို လျော့နည်းစေကာ ငါးများနှင့် အခြားရေနေသတ္တဝါများကို အောက်ဆီဂျင်ပြတ်လပ် သေဆုံးမှုများ ဆက်စပ်ဖြစ်ပေါ်လာစေကြောင်း ငါးမွေးမြူရေး သုတေသနဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

လက်ရှိတွင် Izmir Metropolitan မြို့နီစီပယ်အနေဖြင့် ငါးများ သေဆုံးမှုကြောင့် ထွက်ပေါ်လာသော အနံ့အသက်ဆိုးများကို ရှင်းလင်းရေး ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အင်္ဂလန်နိုင်ငံရှိသစ်ပင်များ သဘာဝဘေးကြောင့် ပျက်စီးခြောက်သွေ့မှုများ ဖြစ်ပေါ်နေ

**လန်ဒန် ဇူလိုင် ၁၄**

အင်္ဂလန်နိုင်ငံရှိ သစ်ပင်များ သဘာဝဘေးကြောင့် ပျက်စီးခြောက်သွေ့မှုများ ဖြစ်ပေါ်နေကြောင်း လန်ဒန်မြို့ပြသစ်တောဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်္ဂလန်နိုင်ငံသည် ကမ္ဘာပေါ်တွင်အကြီးဆုံးမြို့ပြသစ်တောများ တည်ရှိပြီး မြို့နေပြည်သူလူထု၏ စိုက်ပျိုးမှုကြောင့် ပုဂ္ဂလိကနှင့် အများပိုင်မြေပေါ်တွင် သစ်တောဧရိယာ ၁ ဒသမ ၃ သန်း ဟက်တာရှိကြောင်း၊ သို့သော် ယခုနှစ်အတွင်း အပူလှိုင်းသုံးကြိမ်နှင့် မိုးသည်းစွာ ရွာသွန်းမှုများကြောင့် သစ်ပင်များစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါသဘာဝဖြစ်စဉ်များကြောင့် သစ်ပင်များ၏ ကြံ့ခိုင်မှုအားနည်းကာ သစ်ပင်၏ အကိုင်းအခက်များ ကျိုးကျမှု မကြာခဏဖြစ်ပေါ်ကာ သစ်ကိုင်းပိမိ၍ ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူများပင်ရှိသည့်အတွက် လန်ဒန်မြို့အာဏာပိုင်များက ကြီးမားသော သစ်ပင်များအောက်တွင် မထိုင်ကြရန်နှင့် ကလေးများ ကစားခြင်းမပြုရန် သတိပေးထားကြောင်း သိရသည်။

သစ်ပင်များ ထိန်းသိမ်းမှုကို အမြန်ဆုံး ဆောင်ရွက်သင့်ကြောင်း၊ အချိန်မီဆောင်ရွက်မှုမရှိပါက အပူလှိုင်းကြောင့် သစ်ပင်များ၏ ဂေဟစနစ်ကမောက်ကမဖြစ်ကြောင်း လန်ဒန်မြို့ပြသစ်တောဌာနမှ တာဝန်ရှိသူများက ပြောကြားထားသည်။

Ref : Sputnik News
Trs : KZ



# အမေရိကန်နိုင်ငံ အိုင်ဒါဟိုပြည်နယ်တွင် မိုးခေါင်မှုကြောင့် သောက်သုံးရေခက်ခဲလာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံ အိုင်ဒါဟိုပြည်နယ်တွင် မိုးခေါင်မှုကြောင့် သောက်သုံးရေ ခက်ခဲလာနိုင်ကြောင်း U.S. Drought Monitor က ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေအောက်ရေအရင်းအမြစ်မှာ ခန်းခြောက်လာနိုင်သည့်အခြေအနေကြောင့် မြစ်ချောင်းများတွင် ရေလယ်ဖယ်ကျဆင်းကာ အချို့သောနေရာများတွင် သဲသောင်ထွန်းသည်အထိ ဖြစ်ပေါ်နေကြောင်း၊ စနိတ်မြစ်ရှိ ရေလှောင်တမံတွင်လည်း ရေလယ်ဖယ်ကျဆင်းနေပြီး လက်ရှိတွင်အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ယင်းသို့သောအခြေအနေမျိုးတွင် မြစ်ချောင်းများနှင့် ရေလှောင်တမံများတွင် ရေလယ်ဖယ်ကျဆင်းလာခြင်းမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း အိုင်ဒါဟိုပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်မှုကြောင့် မြေအောက် ရေအရင်းအမြစ်တွေ ခန်းခြောက်လာနိုင်ပါတယ်။ မြစ်ချောင်းတွေနဲ့ ရေလှောင်တမံတွေမှာလဲ ရေလယ်ဖယ်ကျဆင်းမှုဟာ မြန်ဆန်နေပါတယ်။ သောက်သုံးရေ ခက်ခဲသွားနိုင်တဲ့အတွက်ကြောင့် သောက်သုံးရေပေးဝေမှုကို အကန့်အသတ်နဲ့ ပေးဝေသွားမှ ရေရှည်အတွက် အဆင်ပြေနိုင်မယ်"ဟု အိုင်ဒါဟိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဟိုကီမန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ဆန္ဒကို ထင်ဟပ်စေခဲ့သော BRICS ထိပ်သီးဆွေးနွေးပွဲ

(၁၇)ကြိမ်မြောက် BRICSထိပ်သီးဆွေးနွေးပွဲကို ယခုနှစ် ဇူလိုင် ၆ ရက်မှ ၇ ရက်ထိ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနဲရိုးမြို့၌ ပြုလုပ်ခဲ့ရာ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံစုံဝါဒခိုင်မာအားကောင်းအောင် ဆောင်ရွက်ရေး၊ နိုင်ငံတကာဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပိုမိုသာတူညီမျှရှိသော ကမ္ဘာ့အခင်းအကျင်းတည်ဆောက်ရေးတို့အတွက် ကတိကဝတ်ပြုသွားခဲ့သည်။

စစ်ပွဲများနှင့် စီးပွားရေးကမောက်ကမဖြစ်ပေါ်ခြင်းတို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ ဖြစ်ပေါ်နေသည့်အချိန်တွင် ရီယို၏ထိပ်သီးဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် BRICS ကို စတင်ထူထောင်စဉ်ကတည်းက ထိပ်သီးဆွေးနွေးပွဲကို လေးကြိမ်မြောက်လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ထိပ်သီးဆွေးနွေးပွဲ၏ခေါင်းစဉ်သည် အားလုံးအကျုံးဝင်သော စဉ်ဆက်မပြတ်စီမံခန့်ခွဲနိုင်ရေးအတွက် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု " ခိုင်မာအားကောင်းရေး"ဖြစ်သည်။

BRICS ထိပ်သီးဆွေးနွေးပွဲသည် ကမ္ဘာလုံးဆိုင်ရာစီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲခြင်း၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ နိုင်ငံစုံဝါဒကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများ၊ ဉာဏ်ရည်တုနှင့် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာများကို အလေးထားဆွေးနွေးခဲ့သည်။ ရီယိုကြေညာချက်၌ ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှုပြောင်းလဲ တိုးတက်လာအောင် အခိုင်အမာဆုံးဖြတ်ထားကြောင်း ဖော်ပြထားသည်။

၎င်းထိပ်သီးဆွေးနွေးပွဲ၌ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့၏ တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများနှင့် ကုန်သွယ်မှုကန့်သတ်ချုပ်ချယ်မှုများအပေါ် ပွင့်ပွင့်လင်းလင်းဝေဖန်ရှုတ်ချခဲ့သည်။ လက်တွေ့ကျသော ပြိုင်ဆိုင်မှုများ ပိုမိုကောင်းမွန်လာစေရန် နိုင်ငံတကာဆက်ဆံရေး၏ လက်ရှိဗိသုကာပုံစံကို လိုက်လျောညီထွေပြောင်းလဲဖော်ဆောင်ရန် လိုအပ်ချက်ကိုလည်းတောင်းဆိုခဲ့သည်။

နိုင်ငံတကာစနစ်တွင် ကုလသမဂ္ဂကို ဗဟိုပြုလျက် နိုင်ငံစုံဝါဒအကောင်အထည်ဖော်ရန် နိုင်ငံတကာဥပဒေများကိုလည်း လေးစားလိုက်နာသွားမည့် BRICS အဖွဲ့၏ ခိုင်မာသော ဆုံးဖြတ်ချက်ကို ရီယိုကြေညာချက်၌ ဖော်ပြထားသည်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အမေရိကန် နုတ်ထွက်ရန် ထရန့်၏ကြိုးပမ်းမှုများနှင့် အမေရိကန်အနေဖြင့် ကုန်သွယ်မှုလိုငွေပြနေသော နိုင်ငံများအပေါ် တစ်ဖက်သတ်အခွန်စည်းကြပ်မှုများနှင့်စပ်လျဉ်း၍ ထိပ်သီးဆွေးနွေးပွဲ၌ ရှုတ်ချခဲ့သည်။

အရေးကြီးဆုံးအချက်မှာ BRICS သည် ထွန်းသစ်စဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပြင် ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများ၊ အထူးသဖြင့် အာဖရိက၊ လက်တင်အမေရိကနှင့် ကာရေဘီယံ နိုင်ငံများကို ကမ္ဘာလုံးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မှုလုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းမှုများတွင် အဓိပ္ပာယ်ရှိရှိ ပိုမိုကိုယ်စားပြုခွင့်တို့ရရှိအောင် ခွင့်ပြုပေးရန် တောင်းဆိုခဲ့သည်။

BRICS အဖွဲ့သည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများကို အပြုသဘောဆောင်သော ပြောင်းလဲမှုအတွက် အရေးပါသောမောင်းနှင်အားအဖြစ် အသားပေးဖော်ပြခဲ့သည်။ အထူးသဖြင့် နက်ရှိုင်းလာသော ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများ၊ ရုတ်ခြည်းကျဆင်းလာသော စီးပွားရေးနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှုများ၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးအစီအမံများနှင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ စိန်ခေါ်မှုများအပါအဝင် သိသာထင်ရှားသော နိုင်ငံတကာစိန်ခေါ်မှုများကို ရင်ဆိုင်ရာ၌ ကမ္ဘာ့တောင်ခြမ်းနိုင်ငံများသည် များစွာအရေးပါလျက်ရှိသည်။

BRICS နိုင်ငံများသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ စိုးရိမ်ပူပန်မှုများနှင့် ဦးစားပေးလုပ်ငန်းများကို ဖော်ပြခြင်းအပြင် နိုင်ငံတကာဥပဒေများကို အခြေခံလျက် တရားမျှတပြီး အားလုံးအကျုံးဝင်ကိုယ်စားပြုသည့် နိုင်ငံတကာအခင်းအကျင်းကို တိုးတက်အောင်ဖော်ဆောင်ရာ၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

ရီယိုထိပ်သီးဆွေးနွေးပွဲသည် ယခုနှစ် ဇွန်လအတွင်း အီရန်အပေါ် စစ်ရေးအရတိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချခဲ့သည်။ BRICS အဖွဲ့သည် ဂါဇာအပေါ် အစ္စရေး၏ ဆက်လက်တိုက်ခိုက်နေမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်မှုကို ဟန့်တားနှောင့်ယှက်နေမှုတို့အပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဆာလောင်မွတ်သိပ်မှုများ ဖြစ်လာခြင်းကို စစ်ပွဲတစ်ရပ်အဖြစ် အသုံးချနေမှုကိုလည်း ရှုတ်ချခဲ့သည်။




ထိပ်သီးဆွေးနွေးပွဲအပြီး BRICS ၏ ကြေညာချက်၌ ပြည်သူ ၂၆ ဦးသေဆုံးခဲ့သည့် ဧပြီလ ၂၂ ရက်တွင် အိန္ဒိယနှင့်ပါကစ္စတန်ကြားရှိ ပါဟယ်ဂမ်ဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ပြစ်တင်ရှုတ်ချခဲ့သည်။ အိန္ဒိယအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုနောက်ကွယ်မှ ပါကစ္စတန်ရှိသည်ဟု ယုံကြည်ထားသော်လည်း ထုတ်ပြန်ချက်၌ အမည်နာမ ဖော်ပြခဲ့ခြင်းမရှိပေ။ တရုတ်၊ အီဂျစ်၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် အကြမ်းဖက်ဝါဒတိုက်ဖျက်သော နိုင်ငံများ၏ အဓိကတာဝန်ကို မီးမောင်းထိုးပြခဲ့သည်။ တရုတ်နိုင်ငံသည် ပါကစ္စတန်၏ ကောင်းတူဆိုးဘက်မိတ်ဖက်ဖြစ်ပြီး အီဂျစ်၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် အစ္စလမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ OICသည် ကက်ရှ်မီးယားအရေးနှင့်စပ်လျဉ်း၍ အိန္ဒိယကို မကြာခဏ ပြစ်တင်ဝေဖန်လျက်ရှိသည်။ ပါဟယ်ဂမ်အကြမ်းဖက်တိုက်ခိုက်မှုကို တုံ့ပြန်သည့် အိန္ဒိယ၏ Operation Sindoor သည် နိုင်ငံတကာထောက်ခံမှုများစွာမရရှိခဲ့ပေ။

ပါဟယ်ဂမ်အကြမ်းဖက် တိုက်ခိုက်မှုအပေါ် BRICS အဖွဲ့ကသာ ပြစ်တင်ရှုတ်ချခဲ့ပြီး တရုတ်နိုင်ငံ၌ ပြုလုပ်ခဲ့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၌ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအကြောင်းကို ဆွေးနွေးခဲ့ခြင်းမရှိပေ။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် SCO ပူးတွဲထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သည်။

ဘရာဇီးနိုင်ငံအနေဖြင့် BRICS အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အိန္ဒိယသို့ လွှဲပြောင်းပေးသည့် အချိန်၌ နယူးဒေလီအနေဖြင့် အပြုသဘောဆောင်ပြီး အနာဂတ်မျှော်မှန်းနိုင်သည့် အစီအစဉ်များ ချမှတ်နိုင်ရန် အခွင့်အလမ်းရရှိစေမည်ဖြစ်သည်။ လက်ရှိအချိန်တွင် BRICS သည် ကမ္ဘာ့စီးပွားရေး ထွန်းသစ်စ ၁၁ နိုင်ငံပါရှိပြီး ကမ္ဘာ့လူဦးရေ၏ ၄၉ ဒသမ ၅ ရာခိုင်နှုန်း၊ ကမ္ဘာ့ GDP ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၂၆ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် G-20 အလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများကို ကိုယ်စားပြုခဲ့ပြီး G-20 ဆွေးနွေးပွဲ၌ ပါရှိခြင်းမရှိသော နိုင်ငံများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ခဲ့သည်။ ၂၀၂၆ ခုနှစ်တွင် BRICS ထိပ်သီးဆွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ အသံကို ကိုယ်စားပြုနိုင်မည့် အခွင့်အလမ်းရရှိသွားလိမ့်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် BRICS အဖွဲ့ကို ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့မှုတို့အတွက် ကြံ့ကြံ့ခံနိုင်မှုနှင့် ဆန်းသစ်တည်ဆောက်မှုအဖြစ် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုရန် ရည်မှန်းထားရှိသည်။ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အိန္ဒိယအနေဖြင့် BRICS ဖိုရမ်ကို ပြည်သူဗဟိုပြုချဉ်းကပ်မှုနှင့် လူသားဆန်မှုကို ဦးစားပေးဆောင်ရွက်ခြင်းအားဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ရီယိုထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားသွားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများသို့ ရန်ပုံငွေတိုးမြှင့်ထောက်ပံ့ရန်နှင့် နည်းပညာလွှဲပြောင်းပေးရန် ဖွံ့ဖြိုးပြီး နိုင်ငံများကို တိုက်တွန်းထားလျက်ရှိသည်။ အိန္ဒိယအနေဖြင့် ၂၀၂၆ ခုနှစ် BRICS ထိပ်သီးဆွေးနွေးပွဲ၌ ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ တိုးတက်ရေးဆိုင်ရာ အစီအစဉ်များ ထည့်သွင်းသွားဖွယ်ရာရှိနေသည်။

၂၀၀၉ ခုနှစ်တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်တို့ဖြင့် စတင်ထူထောင်ခဲ့သော BRICS ကို ထိုစဉ်က BRIC ဟု ခေါ်ဆိုခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံသို့ ဝင်ရောက်လာသည့်အချိန်မှစ၍ BRICS အဖွဲ့ဝင်နိုင်ငံအရေအတွက် တိုးတက်လာခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ်တွင် အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် အဖွဲ့ဝင်နိုင်ငံများအဖြစ် အသီးသီးဝင်ရောက်ခဲ့သည်။ ယခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံသည် တင်းပြည့်အဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။ ဘယ်လာရုစ်၊ ဘိုလီးဗီးယား၊ ကာဇက်စတန်၊ ကျူးဘား၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ထိုင်း၊ ယူဂန်ဒါနှင့် ဥဇဘက်ကစ္စတန်တို့သည် မိတ်ဖက်နိုင်ငံများဖြစ်လာခဲ့သည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် ၎င်းအဖွဲ့ကို အနောက်အုပ်စုအစားထိုးမှုအဖြစ် ရှုမြင်ထားရှိသည်။

သို့သော် အနောက်နိုင်ငံများကမူ BRICS အဖွဲ့ကို အနောက်အုပ်စုဆန့်ကျင်ရေးအဖွဲ့အဖြစ် ရှုမြင်ထားကြသည်။ သာဓကအနေဖြင့် BRICS ကို ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားသော ထရန့်က အမေရိကန်ဒေါ်လာကို စိန်ခေါ်မှုဖြစ်လာနိုင်သည့် BRICS က အဆိုပြုထားသော ဘုံငွေကြေးထုတ်လုပ်သည့်လှုပ်ရှားမှုများသည် အကျိုးဆက်များနှင့် ရင်ဆိုင်သွားရမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။

BRICS အဖွဲ့ရှိ တရုတ်၊ အီရန်၊ ရုရှားတို့သည် အနောက်အုပ်စုကို ဆန့်ကျင့်သည့်ဖိုရမ်များ ကျင်းပသွားဖွယ်ရာရှိသဖြင့် အမေရိကန်၊ ဥရောပသမဂ္ဂတို့နှင့် အငြင်းပွားမှုများရှိနေသည့်အချိန်တွင် Quad အဖွဲ့ဝင်ဖြစ်သော အိန္ဒိယနိုင်ငံသည် အနောက်အုပ်စုကဆန့်ကျင်မှုမရှိသော အမြင်သဘောတရားများကို ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် BRICS သည် အိန္ဒိယနိုင်ငံကို ကမ္ဘာတစ်ဝန်းရှိ ပထဝီနိုင်ငံရေးဆိုင်ရာမတူကွဲပြားသူများနှင့်လွတ်လပ်စွာ ထိတွေ့ဆက်ဆံခွင့်ပြုထားသောကြောင့် ၎င်း၏အမျိုးသားအကျိုးစီးပွားများကို ရှေ့တန်းတင်နိုင်စေမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ BRICS အဖွဲ့ဝင်ဖြစ်နေသော အိန္ဒိယနိုင်ငံအနေဖြင့် BRICS အဖွဲ့ကို ၎င်း၏ မဟာဗျူဟာမြောက် ပြိုင်ဘက်တရုတ်နိုင်ငံက အပြည့်အဝလွှမ်းမိုးထားခြင်းမရှိကြောင်းကို ခိုင်မာသေချာအောင်လုပ်ဆောင်သွားရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိအချိန်ထိ တရုတ်နိုင်ငံကို ပွင့်ပွင့်လင်းလင်းစိန်ခေါ်မှုမရှိသေးသော်လည်း ဗဟုဝင်ရိုးကမ္ဘာကြီးတွင် ဝင်ရိုးတစ်ခု သို့မဟုတ် အင်အားကြီးနိုင်ငံဖြစ်လာရန် စိတ်အားထက်သန်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယကို ဆန့်ကျင့်ရေးအတွက် BRICS အဖွဲ့ကို လက်နက်တပ်ဆင်သွားလိမ့်မည်မဟုတ်ကြောင်း နယူးဒေလီက မျှော်မှန်းထားရှိသည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့တောင်ခြမ်းဒေသတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်သွားလိမ့်မည်မဟုတ်ကြောင်းကိုလည်း အိန္ဒိယက ခိုင်မာသေချာအောင် လုပ်ဆောင်လျက်ရှိသည်။

အဖွဲ့ဝင်နိုင်ငံများပြားလာသော BRICS အဖွဲ့သည် အဓိကကျသော ကမ္ဘာ့ပြဿနာများအတွက် ဘုံသဘောတူညီချက်ရှာဖွေရန် ခက်ခဲလာဖွယ်ရာရှိနေပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးအနေဖြင့်လည်း ကိုယ်ပိုင်ဦးစားပေးလုပ်ငန်းများနှင့် အမျိုးသားအကျိုးစီးပွားများရှိနေကြသည်။ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်တင်းမာမှုများသည်လည်း တိုးတက်မှုကို အဟန့်အတားဖြစ်လာစေနိုင်သည်။ ထို့ကြောင့် BRICS အဖွဲ့သည် အရေးပါသော လမ်းဆုံလမ်းခွသို့ ရောက်ရှိနေဖွယ်ရာရှိနေပြီး အဖွဲ့အတွင်း၌ ဝိရောဓိများနှင့်လွှမ်းမိုးခံနေမလား၊ သို့မဟုတ် ကမ္ဘာ့မြောက်ခြမ်းနှင့်တောင်ခြမ်းနိုင်ငံများက လက်ခံနိုင်သော အဖြေတစ်ရပ်ကို ရှာဖွေနိုင်သည့် ဘုံဖိုရမ်အဖြစ်ရပ်တည်သွားမလားဆိုသော အချက်ကို ရွေးချယ်သွားရတော့မည်ဖြစ်သည်။ အထူးသဖြင့် ၂၀၂၆ ခုနှစ်တွင် BRICS အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်သွားမည့်အိန္ဒိယအနေဖြင့် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ အလားအလာ ကောင်းမွန်စေရေးအတွက် အခွင့်အလမ်းကို အမိအရဆုပ်ကိုင်သွားရန် လိုအပ်ကြောင်း သုံးသပ်လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

**– At Rio, the BRICS Projected the Voice of the Global South by the Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေ ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ ဟင်းသီးဟင်းရွက် ကေ ၃၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၅၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥစတဲ့ သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၂၄၇ ကေ၊ ဆွမ္မရာမြို့တွင် ၂၄ ကေ၊ လဟယ်မြို့နယ်တွင် ၁၅၁၃ ကေ၊ ထန်ပါခွေမြို့တွင် ၄၃၅ ကေ၊ နန်းယွန်းမြို့နယ်တွင် ၅၀၅ ကေ၊ ဒုံဟီးမြို့တွင် ၄၂၁ ကေနှင့် ပန်ဆောင်မြို့တွင် ၃၇၉ ကေ စုစုပေါင်း ၃၅၂၄ ကေတို့ဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည်တို့ကို အသိပညာ ပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများထွက်ရှိလျက်ရှိရာ ဇူလိုင်လ ဒုတိယအပတ်မှစတင်ကာ ဝယ်ယူမှုကောင်းလာပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ တစ်ရက်လျှင် ပြောင်းဖူးရေ ၅၀၀၀ မှ ၁၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အရင်ကထက် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအချိန် ကျုံပျော်မြို့ကို ဒေသထွက် ဖူးစားပြောင်းတွေ ဝင်ရောက်နေတာဖြစ်ပါတယ်။ အခုလို ဖူးစားပြောင်းတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးရေး လုပ်ငန်းလုပ်သူတွေနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလာတာ တွေ့ရပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်'' ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၅၅၀၀၀ မှ ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်ထံမှ သိရသည်။


**ကျော်ကျော်လင်း**

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**






## Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အလက(လှေ့ကျင်းရေး)ကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ)ဦးသက်လွင်၏သမီး မဆုသွန်းအိမ်စည်အား မဆုသွန်းထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုသွန်းထက်**

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-6(A)တွင် ပညာသင်ကြားနေသော မမြတ်ဆုနိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းနောင်(၅/စကန(နိုင်)၀၈၇၈၁၀)ဖြစ်ပါကြောင်း။

**ဦးမင်းနောင်**
**(၅/စကန(နိုင်)၀၈၇၈၁၀)**

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ဟန်လင်းသန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝေမင်းဦးဖြစ်ပါကြောင်း။

**ဦးဝေမင်းဦး(၉/ပကခ(နိုင်)၀၁၀၆၉၄)**

### မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(က-၄)၊ မြို့သစ်-၅ ရပ်ကွက်နေ ဦးစိန်ဝင်း၏သမီး ဒေါ်နိုနိုငြိမ်းဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၁၉၈၆ ဖြစ်ပါကြောင်း။

**ဒေါ်နိုနိုငြိမ်းဝင်း(၂၅-၅-၁၉၈၆)**

### အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အထက(ခွဲ) လက်ကောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းမင်းအောင်၏သား မောင်ကောင်းခန့်ကျော်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်ခန့်ကျော်ဖြစ်ပါကြောင်း။

**မောင်အောင်ခန့်ကျော်**

### မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)၊ Grade-4(B) တွင် ပညာသင်ကြားနေသော (ဘ) ဦးဇင်မင်းစိုး၏သမီး မခေတ်မင်းသူ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၅-၁၀-၂၀၁၅ ဖြစ်ပါကြောင်း။

**မခေတ်မင်းသူ**
**(၂၅-၁၀-၂၀၁၅)**


## စာရေးမတစ်ဦးအလိုရှိသည်

- လစာ ၃၃၀၀၀၀ ကျပ်

**ဒန်သတ္တုဆိုင်**
**ဈေးချိုအနောက်ဘက်**
**၂၆ x ၂၇ လမ်းကြား၊ ၈၆ x ၈၇ လမ်းကြား၊**
**မန္တလေးမြို့။**
**09-444015552**


**အဖိုးတန်ရေချိုကို ချွေတာပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပေးထားခြင်းသည် အမှန်တကယ် ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်...

❖ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများ ထွက်ရှိမှု၊ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ- ၂၁

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပံ့ပိုးပေးမည့် အစီအစဉ်ကို ဇူလိုင် ၁၇ ရက်တွင် ပြုလုပ်မည်**

စာမျက်နှာ- ၁၁

**အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ရန် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ**

စာမျက်နှာ- ၉

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**ဧရာဝတီမြစ်ရေနှင့် စစ်တောင်းမြစ်ရေ အခြေအနေ**

**(၁၄-၇-၂၀၂၅)**

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနိုးဆော်ထားသည်။

ထို့အတူ ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar